# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

အမှတ် ၂၀ ] ရန်ကုန်မြို့ { ၁၃၇၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၃ ရက် ( ၂၀၁၄ ခုနှစ်၊ မေလ ၁၆ ရက် ) } သောကြာနေ့ [ အတွဲ ၆၇

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။


## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၃၁/၂၀၁၄**

၁၃၇၅ ခုနှစ်၊ တန်ခူးလဆန်း ၁၀ ရက်

( ၂၀၁၄ ခုနှစ်၊ ဧပြီလ ၉ ရက် )

**ပြည်ထောင်စုအဆင့် အရေးပေါ်ပေါင်းစပ်ညှိနှိုင်းရေးစင်တာ**
**(Union Level Emergency Coordination Centre) ဖွဲ့စည်းခြင်း**

၁။ ရခိုင်ပြည်နယ်အတွင်း ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးယန္တရားတွင် လိုအပ်သည့် ကွက်လပ်အား ချိတ်ဆက်ဖြည့်ဆည်းပေးရန်နှင့် အရေးပေါ်အခြေအနေပေါ်ပေါက်လာပါက ပြည်နယ်အစိုးရအဖွဲ့အား လုပ်ငန်းကဏ္ဍအလိုက် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊ သတင်းအချက်အလက်စီမံခန့်ခွဲခြင်း စသည့် လုပ်ငန်းများတွင် အထောက်အပံ့ဖြစ်စေရန် ရည်ရွယ်၍ အရေးပေါ်အခြေအနေများဆိုင်ရာအထောက်အကူပြုအဖွဲ့အဖြစ် **"ပြည်ထောင်စုအဆင့် အရေးပေါ်ပေါင်းစပ်ညှိနှိုင်းရေးစင်တာ (Union Level Emergency Coordination Centre)"** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်ပါသည် -

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒုတိယဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (င) | ဒုတိယဝန်ကြီး<br>လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ဝန်ကြီး<br>လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန<br>ရခိုင်ပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ဆ) | ဦးစစ်အေး<br>အဖွဲ့ခေါင်းဆောင်<br>နိုင်ငံတော်သမ္မတ၏ဥပဒေအကြံပေးအဖွဲ့ | အဖွဲ့ဝင် |
| (ဇ) | ကိုယ်စားလှယ်တစ်ဦး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ကိုယ်စားလှယ်တစ်ဦး<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ကိုယ်စားလှယ်တစ်ဦး<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ကိုယ်စားလှယ်တစ်ဦး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်<br>ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ကိုယ်စားလှယ်တစ်ဦး<br>ကုလသမဂ္ဂဌာနေကိုယ်စားလှယ်နှင့်<br>လူသားချင်းစာနာထောက်ထားမှုဆိုင်ရာညှိနှိုင်းရေးမှူးရုံး | အဖွဲ့ဝင် |
| (ဍ) | ကိုယ်စားလှယ်တစ်ဦး<br>နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများ (INGOs) | အဖွဲ့ဝင် |
| (ဎ) | စစ်တွေမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီမှ<br>ကိုယ်စားလှယ်တစ်ဦး | အဖွဲ့ဝင် |
| (ဏ) | စစ်တွေမြို့နယ်မှ အမျိုးသားကိုယ်စားလှယ်တစ်ဦး | အဖွဲ့ဝင် |
| (တ) | စစ်တွေမြို့နယ်မှ အမျိုးသမီးကိုယ်စားလှယ်တစ်ဦး | အဖွဲ့ဝင် |
| (ထ) | စစ်တွေမြို့မှ မြို့မိမြို့ဖကိုယ်စားလှယ်တစ်ဦး | အဖွဲ့ဝင် |
| (ဒ) | ညွှန်ကြားရေးမှူးချုပ်<br>ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အတွင်းရေးမှူး |
| (ဓ) | ဒေါက်တာကျော်ရင်လှိုင်<br>Myanmar Egress | တွဲဖက်အတွင်းရေးမှူး |

၂။ ပြည်ထောင်စုအဆင့် အရေးပေါ် ပေါင်းစပ်ညှိနှိုင်းရေးစင်တာ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေး ပေါင်းစပ်ညှိနှိုင်း ချိတ်ဆက်ဆောင်ရွက်ပေးရန်။

(ခ) အရေးပေါ်ကိစ္စရပ်များအတွက် ပြည်နယ်အစိုးရနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ အဖွဲ့အစည်းများ ဆက်သွယ်ဆောင်ရွက်နိုင်ရေး ပြည်ထောင်စုအဆင့်တွင် မဟာဗျူဟာအဆင့် (Strategic Level) အဖြစ် ထိရောက်လျင်မြန်စွာ ဆက်သွယ်ဆောင်ရွက်ရန်။

(ဂ) ရခိုင်ပြည်နယ်အတွင်း နိုင်ငံတကာမှ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် စနစ်ကျသော ပေါင်းစပ်ညှိနှိုင်းမှုဖြင့် ဆောင်ရွက်ရန်။

(ဃ) ပြည်နယ်အစိုးရ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ဒေသခံအဖွဲ့အစည်းများအကြား လုပ်ငန်းစီမံချက်များ ချမှတ်ခြင်း၊ ပေါင်းစပ်ညှိနှိုင်းရေးနှင့် သတင်းအချက်အလက်စီမံခန့်ခွဲမှုများတွင် တာဝန်ခံအဖြစ် ဆောင်ရွက်ရန်။

(င) အရေးပေါ်အခြေအနေတစ်ခုအတွင်း စီမံခန့်ခွဲမှုနှင့် လုပ်ငန်းလည်ပတ်မှုများအား ကြီးကြပ်ဆောင်ရွက်ရန်နှင့် လုပ်ငန်းဆောင်ရွက်မှုများတွင် ကြုံတွေ့ရသည့် ပြဿနာများအား ထိရောက်စွာ ကိုင်တွယ်ဖြေရှင်းပေးရန်။

(စ) ပြည်ထောင်စုအဆင့် အရေးပေါ်ပေါင်းစပ်ညှိနှိုင်းရေးစင်တာအစည်းအဝေးများ ပုံမှန်ကျင်းပ၍ ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် နိုင်ငံတကာအဖွဲ့အစည်းများအကြား ချိတ်ဆက်ဆောင်ရွက်ပေးရန်။

(ဆ) ဆွေးနွေးရန်လိုအပ်သည့် အကြောင်းအရာအပေါ် မူတည်၍ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၏ သက်ဆိုင်ရာလုပ်ငန်းကဏ္ဍအလိုက် ဦးဆောင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပါဝင်ဆွေးနွေးနိုင်စေရေး ဆောင်ရွက်ပေးရန်။

(ဇ) လူမှုအဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ သတင်းအချက်အလက်များ အပြန်အလှန်ပေးပို့ရန်။

(ဈ) ဘေးအန္တရာယ်သတိပေးစနစ်အတွက် လိုအပ်သော သတင်းအချက်အလက်များအား ပြည်နယ်အဆင့်နှင့် မြို့နယ်အဆင့် အရေးပေါ်ပေါင်းစပ်ညှိနှိုင်းရေးစင်တာအဖွဲ့များမှတစ်ဆင့် အောက်ခြေလူမှုအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးရန်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၃၃/၂၀၁၄**

၁၃၇၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၁ ရက်

( ၂၀၁၄ ခုနှစ်၊ ဧပြီလ ၂၅ ရက် )

**ဘက်စုံပို့ဆောင်ရေးဥပဒေ အာဏာတည်သည့်နေ့ရက် သတ်မှတ်ခြင်း**

ဘက်စုံပို့ဆောင်ရေးဥပဒေသည် ယင်းဥပဒေပုဒ်မ ၁၊ ပုဒ်မခွဲ (ခ) အရ ၂၀၁၄ ခုနှစ်၊ ဧပြီလ ၂၅ ရက် (၁၃၇၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၁ ရက်) နေ့မှစတင်၍ အာဏာတည်သည်ဟု သတ်မှတ်လိုက်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**(အမိန့်အမှတ် ၈/၂၀၁၄)**

၁၃၇၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၁ ရက်

( ၂၀၁၄ ခုနှစ်၊ ဧပြီလ ၂၅ ရက် )

**တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဝင်အဖြစ် သတ်မှတ်ခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ (င) နှင့် (စ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ) နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၀၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂) တို့အရ နိုင်ငံတော်သမ္မတရုံးက ၂၀၁၁ ခုနှစ်၊ မတ်လ ၃၀ ရက်စွဲပါ အမိန့်အမှတ် (၂၃/၂၀၁၁) နှင့် အမိန့်အမှတ် (၂၆/၂၀၁၁) တို့ဖြင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီးများ ခန့်အပ်တာဝန်ပေးခဲ့ပါသည်။

၂။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီးများသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ (ဆ)၊ ပုဒ်မခွဲငယ် (၂) အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးများဖြစ်သဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၄၈၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၂) နှင့်အညီ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဝင်အဖြစ် သတ်မှတ်လိုက်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၂၁/၂၀၁၄)**

၁၃၇၅ ခုနှစ်၊ တပို့တွဲလဆန်း ၁၅ ရက်

( ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက် )

**ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေးကော်မတီ၊ အထူးလုပ်ငန်းအဖွဲ့ (Task Force) တွင် ဒုတိယဥက္ကဋ္ဌ ပြင်ဆင်ဖွဲ့စည်းခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၆၇/၂၀၁၃) ဖြင့် ဖွဲ့စည်းထားသော **ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေးကော်မတီ၊ အထူးလုပ်ငန်းအဖွဲ့ (Task Force) တွင်** ပါဝင်သော ဒုတိယဥက္ကဋ္ဌ **ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန** အစား **ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန**အား ပြင်ဆင်ဖွဲ့စည်းလိုက်ပါသည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

**[ ယခင်အပတ် ပြည်ထောင်စုလွှတ်တော်ရုံး၊ အမိန့်ကြော်ငြာစာအမှတ် (၄၃/၂၀၁၄)၊ ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ၊ (၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၀။) မှအဆက် ]**

၃၃။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁) နှင့် (၂) တို့အရ အခြေခံသက်သာခွင့် ခွင့်ပြုငွေသည် ဝင်ငွေအမျိုးအစားတစ်ခုစီ၏ ၂၀ ရာခိုင်နှုန်းနှင့်ညီမျှသောငွေ ဖြစ်ရမည်။ သို့ရာတွင် တစ်နှစ်အတွက် အခြေခံသက်သာခွင့် ခွင့်ပြုငွေစုစုပေါင်းသည် ကျပ်သိန်း ၁၀၀ ထက် မပိုစေရ။

၃၄။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂) အရ တစ်ဦးချင်း ပုဂ္ဂိုလ်၏အိမ်ထောင်ဖက်နှင့် သားသမီးများအတွက် အောက်ပါအတိုင်း သက်သာခွင့်ပြုရမည် -

(က) အိမ်ထောင်ဖက်တစ်ဦးအတွက်သာလျှင် ကျပ် ၅ သိန်း၊

(ခ) သားသမီးတစ်ဦးလျှင် ကျပ် ၃ သိန်းစီ။

၃၅။ အခြေပစ္စည်းမှ မြတ်စွန်းငွေခေါင်းစဉ်မှအပ ကျန်ဝင်ငွေခေါင်းစဉ်များမှ နိုင်ငံခြားငွေဖြင့် ဝင်ငွေရရှိလျှင် ယင်းဝင်ငွေအပေါ်တွင် ဝင်ငွေခွန်စည်းမျဉ်း ၈ ပါ ပြဋ္ဌာန်းချက်နှင့်အညီတွက်ချက်၍ ပြည်တွင်းနေနိုင်ငံသားနှင့် ပြည်တွင်းနေနိုင်ငံခြားသားဖြစ်ပါက ကျပ်ငွေဖြင့်လည်းကောင်း၊ ပြည်ပနေနိုင်ငံခြားသားဖြစ်ပါက ရရှိသည့် ငွေကြေးအမျိုးအစားဖြင့်လည်းကောင်း ဝင်ငွေခွန်ပေးဆောင်ရမည်။

၃၆။ အောက်ဖော်ပြပါ ဝင်ငွေတစ်ရပ်ရပ် သို့မဟုတ် ဝင်ငွေအမျိုးအစားတစ်ရပ်ရပ်အပေါ် ဝင်ငွေခွန် ကင်းလွတ်ခွင့်ပြုသည် -

(က) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများဥပဒေအရ ဖမ်းဆီးရမှုအပေါ် ဆုငွေချီးမြှင့်ခြင်းအစီအစဉ်အရ ဝင်ငွေနှစ်အတွင်း ဆုငွေကို တစ်ကြိမ်တည်းရရှိခြင်းဖြစ်စေ၊ အကြိမ်ကြိမ်ရရှိခြင်းဖြစ်စေ ရရှိသည့် စုစုပေါင်းဝင်ငွေ၏ ကျပ်သိန်း ၅၀ အထိ၊

(ခ) တရားမဝင်ပစ္စည်းများ ဖမ်းဆီးရမှုအပေါ် ဆုငွေချီးမြှင့်ခြင်းအစီအစဉ်အရ ဝင်ငွေနှစ်အတွင်း ဆုငွေကို တစ်ကြိမ်တည်းရရှိခြင်းဖြစ်စေ၊ အကြိမ်ကြိမ်ရရှိခြင်းဖြစ်စေရရှိသည့် စုစုပေါင်း ဝင်ငွေ၏ ကျပ်သိန်း ၅၀ အထိ၊

(ဂ) နိုင်ငံတော်မှ ချီးမြှင့်သော ဘွဲ့ထူးဂုဏ်ထူးတံဆိပ်များနှင့်အတူ ရရှိသည့် ချီးမြှင့်ငွေများ၊

(ဃ) ပြည်တွင်း သို့မဟုတ် ပြည်ပအဖွဲ့အစည်းတစ်ခုခုက ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ ဘာသာရေး၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုဆိုင်ရာကိစ္စရပ်များတွင် အသုံးပြုရန်လှူဒါန်းခြင်းမှ ရရှိသည့် ဝင်ငွေ။

၃၇။ ဤဥပဒေ အခန်း (၆) တွင် ဖော်ပြပါရှိသော စကားရပ်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်သည် ဝင်ငွေခွန် ဥပဒေတွင် ဖော်ပြထားသည့်အတိုင်း ဖြစ်စေရမည်။

## အခန်း (၇)

## အခြားအခွန်အကောက်ဆိုင်ရာကောက်ခံရမည့် နှုန်းထားများ

၃၈။ သက်ဆိုင်ရာဝန်ကြီးဌာနများသည် အောက်ဖော်ပြပါအခွန်တစ်ရပ်ရပ်၏ ကောက်ခံရမည့်နှုန်းထားများ၊ ကင်းလွတ်ခွင့်၊ သက်သာခွင့်တို့ကို တည်ဆဲဥပဒေနှင့်အညီ စီမံဆောင်ရွက်ရမည် -

(က) ယစ်မျိုးခွန်၊

(ခ) သွင်းကုန်အတွက် လိုင်စင်ခများ၊

(ဂ) မြန်မာနိုင်ငံအောင်ဘာလေသိန်းဆု၊

(ဃ) သယ်ယူပို့ဆောင်ရေးအခွန်၊

(င) တံဆိပ်ခေါင်းခွန်၊

(စ) အကောက်ခွန်၊

(ဆ) မြေယာပေါ်တွင် ကောက်ခံသည့်အခွန်၊

(ဇ) ရေခွန်၊

(ဈ) တာတမံခွန်၊

(ည) သစ်တောများမှပစ္စည်းများ ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန်၊

(ဋ) ဓာတ်သတ္တုပစ္စည်းများ ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန်၊

(ဌ) အင်းအိုင်ခွန်၊

(ဍ) ကြက်ပေါင်စေးအပေါ်တွင် ကောက်ခံသည့်အခွန်၊

(ဎ) ရေနံနှင့်သဘာဝဓာတ်ငွေ့ ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန်၊

(ဏ) ဓာတ်သတ္တုခွန်နှင့် ရတနာခွန်၊

(တ) ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ခြင်းကြောင့် ကောက်ခံသည့် အခွန်အကောက်၊

(ထ) လျှပ်စစ်ဓာတ်အား ထုတ်ယူသည့်အတွက် ကောက်ခံသည့် အခွန်အကောက်။

## အခန်း (၈)

## အထွေထွေ

၃၉။ သက်ဆိုင်ရာဝန်ကြီးဌာနများသည် အခွန်ပေးဆောင်ထိုက်သူများဥပဒေနှင့်အညီ အခွန်ပေးဆောင်လာစေရေးအတွက် ပြည်သူများသို့ အခွန်ပညာပေးခြင်း၊ စည်းရုံးခြင်း၊ ခံစားနိုင်သော အခွန်ဆိုင်ရာသက်သာခွင့် ကင်းလွတ်ခွင့်များကို ပြည်သူများအား အသိပေးခြင်း၊ ယင်းအချက်များကို ခံစားနိုင်ရန်အတွက် အခွန်ကောက်ခံရာတွင်လည်း ပြည်သူများအား ရှင်းလင်းပြောကြားသက်သာခွင့်ပြုခြင်း၊ အခွန်ထမ်းပြည်သူများအား အသိအမှတ်ပြုခြင်း၊ ထိုက်သင့်သောချီးမြှင့်မှုများ စီမံဆောင်ရွက်ပေးခြင်း ပြုလုပ်ပေးရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ဇယား (၁)

## ၂၀၁၄ - ၂၀၁၅ ခု ဘဏ္ဍာရေးနှစ်
## ပြည်ထောင်စု၏ အခွန်အကောက်များ ကောက်ခံရန်မူလလျာထားချက်

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | ပြည်ထောင်စုအစိုးရအဖွဲ့၏ တာဝန်ခံ ဝန်ကြီးဌာနများ | အကြောင်းအရာ | ၂၀၁၄- ၂၀၁၅ ခန့်မှန်းခြေ |
|---|---|---|---|---|
| ၁ | | | **ပြည်တွင်းထွက်ကုန်နှင့်ပြည်သူပြည်သားများ သုံးစွဲမှုအပေါ် ကောက်ခံသည့် အခွန်အကောက်** | **၁၄၆၄၄၈၇. ၇၇၄** |
| | ၁ | ပြည်ထဲရေးဝန်ကြီးဌာန | ယစ်မျိုးခွန်၊ | ၉၃၄. ၈၃၃ |
| | ၂ | ဘဏ္ဍာရေးဝန်ကြီးဌာန | ကုန်သွယ်လုပ်ငန်းခွန်၊ | ၁၂၉၁၀၈၂. ၂၃၇ |
| | ၃ | စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန | သွင်းကုန်အတွက် လိုင်စင်ခများ၊ | ၈၀၀၀. ၀၀၀ |
| | ၄ | ဘဏ္ဍာရေးဝန်ကြီးဌာန | မြန်မာနိုင်ငံ အောင်ဘာလေသိန်းဆု၊ | ၂၈၀၀၀. ၄၁၀ |
| | ၅ | ရထားပို့ဆောင်ရေးဝန်ကြီးဌာန | သယ်ယူပို့ဆောင်ရေးအခွန်၊ | ၁၀၅၄၇၀. ၂၉၄ |
| | ၆ | ဘဏ္ဍာရေးဝန်ကြီးဌာန | တံဆိပ်ခေါင်းခွန်၊ | ၃၁၀၀၀. ၀၀၀ |
| ၂ | | | **ဝင်ငွေနှင့် ပိုင်ဆိုင်မှုအပေါ် ကောက်ခံသည့် အခွန်အကောက်** | **၁၆၆၄၉၃၂. ၇၂၉** |
| | ၁ | ဘဏ္ဍာရေးဝန်ကြီးဌာန | ဝင်ငွေခွန်၊ | ၁၆၆၄၉၃၂. ၇၂၉ |
| ၃ | | | **အကောက်ခွန်** | **၁၉၀၀၀၀. ၀၀၀** |
| | ၁ | ဘဏ္ဍာရေးဝန်ကြီးဌာန | အကောက်ခွန်။ | ၁၉၀၀၀၀. ၀၀၀ |
| ၄ | | | **နိုင်ငံပိုင်သယံဇာတများထုတ်ယူသုံးစွဲမှုအပေါ် ကောက်ခံသည့် အခွန်အကောက်** | **၁၅၇၁၁၆၀. ၄၄၀** |
| | ၁ | ပြည်ထဲရေးဝန်ကြီးဌာန၊ | မြေယာပေါ်တွင် ကောက်ခံသည့်အခွန်၊ | ၀. ၈၉၀ |
| | ၂ | လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ရေခွန် | ၁၀၁၆. ၅၄၃ |
| | ၃ | ပြည်ထဲရေးဝန်ကြီးဌာန၊ | တာတမံခွန်၊ | ၀. ၀၂၅ |
| | ၄ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန | သစ်တောများမှပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့် အခွန်၊ | ၁၈၄၈. ၀၆၁ |
| | ၅ | ပြည်ထဲရေးဝန်ကြီးဌာန | ဓာတ်သတ္တုပစ္စည်းများ ထုတ်ယူသည့်အတွက် ကောက်ခံသည့် အခွန်၊ | ၇. ၄၅၀ |
| | ၆ | မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန | အင်းအိုင်ခွန်၊ | ၁၀၈၃. ၇၀၀ |
| | ၇ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန | ကြက်ပေါင်စေးအပေါ်တွင် ကောက်ခံသည့် အခွန်၊ | ၀. ၅၀၀ |
| | ၈ | စွမ်းအင်ဝန်ကြီးဌာန | ရေနံနှင့်သဘာဝဓာတ်ငွေ့ ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန်၊ | ၃၂၉၃၄၃. ၂၇၁ |
| | ၉ | သတ္တုတွင်းဝန်ကြီးဌာန | ဓာတ်သတ္တုခွန်နှင့် ရတနာခွန်၊ | ၁၄၀၀. ၀၀၀ |
| | ၁၀ | ဆက်သွယ်ရေး၊ သတင်းအချက် အလက်နှင့်နည်းပညာဝန်ကြီးဌာန | ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင် ခြင်းကြောင့် ကောက်ခံသည့်အခွန်အကောက်၊ | ၁၂၂၅၀၀၀. ၀၀၀ |
| | ၁၁ | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | လျှပ်စစ်ဓာတ်အား ထုတ်ယူသည့်အတွက် ကောက်ခံသည့် အခွန်အကောက်၊ | ၁၁၄၆၀. ၀၀၀ |
| | | | **စုစုပေါင်း** | **၄၈၉၀၅၈၀. ၉၄၃** |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၄၄/၂၀၁၄)**

၁၃၇၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်

( ၂၀၁၄ ခုနှစ်၊ မတ်လ ၂၈ ရက် )

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေ ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေ (၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၁။) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေ**

**( ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၁။ )**

၁၃၇၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်

( ၂၀၁၄ ခုနှစ်၊ မတ်လ ၂၈ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **နိုင်ငံတော်**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **လူ့အခွင့်အရေး**ဆိုရာတွင် အောက်ပါတို့ ပါဝင်သည် -

(၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ အခွင့်အရေးများ၊

(၂) ကုလသမဂ္ဂက ထုတ်ပြန်ကြေညာသော ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းပါ လူ့အခွင့်အရေးများ၊

(၃) နိုင်ငံတော်က လိုက်နာရန်ရှိသော အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးစာချုပ်စာတမ်းများတွင် ပါရှိသည့် လူ့အခွင့်အရေးများ၊

(ဃ) **ကော်မရှင်**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်ကို ဆိုသည်။

(င) **ကော်မရှင်အဖွဲ့ဝင်**ဆိုသည်မှာ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌနှင့် ဒုတိယ ဥက္ကဋ္ဌတို့ အပါအဝင် အဖွဲ့ဝင်တစ်ဦးဦးကို ဆိုသည်။

(စ) **စိစစ်ရွေးချယ်ရေးအဖွဲ့**ဆိုသည်မှာ ကော်မရှင်အဖွဲ့ဝင်လောင်း စိစစ်ရွေးချယ်ရေးအဖွဲ့ကို ဆိုသည်။

(ဆ) **ကော်မရှင်ရုံး**ဆိုသည်မှာ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ ရုံးလုပ်ငန်းများကို ဆောင်ရွက်ရန် တည်ထောင်ထားသောရုံးကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလ အခွင့်အရေးများကို ပိုမို၍ကာကွယ်စောင့်ရှောက်နိုင်ရန်၊

(ခ) ကုလသမဂ္ဂက ထုတ်ပြန်သော ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းကို အသိအမှတ်ပြု၍ လူ့အခွင့် အရေးကို လေးစားကာကွယ်သည့် လူ့အဖွဲ့အစည်းတစ်ရပ် ပေါ်ပေါက်လာစေရန်၊

(ဂ) နိုင်ငံတော်က လက်ခံထားသည့် လူ့အခွင့်အရေးနှင့်သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းများ၊ ဆုံးဖြတ်ချက်များ၊ ဒေသဆိုင်ရာသဘောတူညီချက်များနှင့် ကြေညာချက်များပါ လူ့အခွင့်အရေး များကို ထိရောက်စွာမြှင့်တင်ကာကွယ်နိုင်ရန်၊

(ဃ) လူ့အခွင့်အရေးနှင့်သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ ဥပဒေနှင့်အညီ ဖွဲ့စည်းထားသည့် အမျိုးသားအဆင့်အဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်း၍ ပူးပေါင်းဆောင်ရွက်နိုင်ရန်။

## အခန်း (၃)
## ကော်မရှင် ဖွဲ့စည်းခြင်း၊ အဆင့်အတန်းနှင့် ရပိုင်ခွင့်များ

### ဖွဲ့စည်းခြင်း

၄။ နိုင်ငံတော်သမ္မတသည် ကော်မရှင်အဖွဲ့ဝင်ဦးရေ အနည်းဆုံး ၇ ဦးမှ အများဆုံး ၁၅ ဦးအထိ ပါဝင်သော မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို ဖွဲ့စည်းရမည်။

၅။ နိုင်ငံတော်သမ္မတသည် ကော်မရှင်ကို ဖွဲ့စည်းနိုင်ရေးအတွက် အောက်ပါပုဂ္ဂိုလ်များ ပါဝင်သော ကော်မရှင်အဖွဲ့ဝင်လောင်း စိစစ်ရွေးချယ်ရေးအဖွဲ့ကို ဖွဲ့စည်းရမည် -

(က) ပြည်ထောင်စုတရားသူကြီးချုပ်၊

(ခ) ပြည်ထောင်စုဝန်ကြီး ပြည်ထဲရေးဝန်ကြီးဌာန၊

(ဂ) ပြည်ထောင်စုဝန်ကြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊

(ဃ) ပြည်ထောင်စုရှေ့နေချုပ်၊

(င) မြန်မာနိုင်ငံတရားလွှတ်တော်ရှေ့နေများကောင်စီမှ ကိုယ်စားလှယ်တစ်ဦး၊

(စ) ပြည်ထောင်စုလွှတ်တော်မှ ကိုယ်စားလှယ်နှစ်ဦး၊

(ဆ) မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ကိုယ်စားလှယ်တစ်ဦး၊

(ဇ) ဥပဒေနှင့်အညီ ဖွဲ့စည်းထားသော အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်နှစ်ဦး။

၆။ စိစစ်ရွေးချယ်ရေးအဖွဲ့သည် အောက်ဖော်ပြပါစံနှင့် ကိုက်ညီသူများကို ကော်မရှင်အဖွဲ့ဝင်လောင်းများ အမည်စာရင်းအတွက် စဉ်းစားရမည် -

(က) မြန်မာနိုင်ငံသားဖြစ်ခြင်း၊

(ခ) အသက် ၃၅ နှစ်ထက် မငယ်သူဖြစ်ခြင်း၊

(ဂ) သိက္ခာသမာဓိနှင့်ပြည့်စုံ၍ အကျင့်စာရိတ္တကောင်းမွန်သူအဖြစ် အသိအမှတ်ပြုခံရပြီး ကော်မရှင်အဖွဲ့ဝင်၏ လုပ်ငန်းကို ဘက်လိုက်မှုမရှိဘဲ လွတ်လပ်စွာထမ်းဆောင်နိုင်စွမ်းရှိသူဖြစ်ခြင်း၊

(ဃ) အောက်ပါနယ်ပယ်တစ်ရပ်ရပ်တွင် ဗဟုသုတ သို့မဟုတ် အတွေ့အကြုံကြွယ်ဝသူဖြစ်ခြင်း -

(၁) လူ့အခွင့်အရေးမူများနှင့် သက်ဆိုင်ရာ ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေး ဥပဒေများ၊

(၂) လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်ရေး၊

(၃) ကောင်းမွန်သော အုပ်ချုပ်ရေးနှင့် ပြည်သူ့ရေးရာစီမံခန့်ခွဲရေး။

(င) ကော်မရှင်၏ ရည်မှန်းချက်များ အောင်မြင်ရေးအတွက် ခံယူချက်ရှိသူဖြစ်ခြင်း။

၇။ စိစစ်ရွေးချယ်ရေးအဖွဲ့သည် -

(က) ကော်မရှင်အဖွဲ့ဝင်လောင်းများ၏ အမည်စာရင်းကို စဉ်းစားရာတွင် ကော်မရှင်ဖွဲ့စည်းမှုကို ခြုံငုံ စဉ်းစားရမည်။

(ခ) အောက်ပါတို့နှင့်စပ်လျဉ်း၍ ဗဟုသုတ၊ အတွေ့အကြုံ သို့မဟုတ် ကျွမ်းကျင်မှုရှိသူတို့ကို ကော်မရှင် အဖွဲ့ဝင်လောင်းများအဖြစ် ထည့်သွင်းစဉ်းစားရမည် -

(၁) ပြည်တွင်းလူ့အခွင့်အရေးဥပဒေများနှင့် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးဥပဒေများ၊

(၂) လက်ရှိ စီးပွားရေး၊ အလုပ်အကိုင်နှင့်လူမှုရေးဆိုင်ရာကိစ္စရပ်များ၊

(၃) ယဉ်ကျေးမှုဆိုင်ရာ ကိစ္စရပ်များနှင့်လူ့အဖွဲ့အစည်းအတွင်းရှိ ပုဂ္ဂိုလ်တစ်ဦးချင်း၊ မတူညီသော လူ့အသိုက်အဝန်းများနှင့် လူဦးရေအုပ်စုအလိုက် လိုအပ်ချက်များနှင့် မျှော်မှန်းချက်များ၊

(၄) ကော်မရှင်ရှေ့မှောက် ရောက်ရှိလာဖွယ်ရှိသော အခြား မတူကွဲပြားသည့်ကိစ္စရပ်များ၊

(၅) လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များတွင် အားပေးဆောင်ရွက်မှု၊

(၆) အများပြည်သူအား ပညာပေးမှု၊

(၇) ပြည်သူ့အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေးနှင့် ဘဏ္ဍာရေးဆိုင်ရာစီမံခန့်ခွဲမှု၊

(၈) အရပ်ဘက်အဖွဲ့အစည်း၊ ပညာရပ်ဆိုင်ရာအဆင့်မြင့်အဖွဲ့အစည်းများ၊ လူမှုဝန်ထမ်း လုပ်ငန်းများ၊ ရပ်ရွာဖွံ့ဖြိုးရေးနှင့်ဥပဒေရေးရာ။

(ဂ) ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ (ခ) တို့အရ စဉ်းစားရာတွင် အမျိုးသား၊ အမျိုးသမီးနှင့် တိုင်းရင်းသား လူမျိုးများကို သင့်တင့်မျှတစွာ ပါဝင်စေရမည်။

၈။ စိစစ်ရွေးချယ်ရေးအဖွဲ့သည် ကော်မရှင်အဖွဲ့ဝင်လောင်းများ ရွေးချယ်ရေးအတွက် လုပ်ထုံးလုပ်နည်း များကို ရေးဆွဲရမည်။ ယင်းလုပ်ထုံးလုပ်နည်းများနှင့်အညီ ရွေးချယ်သော ကော်မရှင်အဖွဲ့ဝင်လောင်း ၃၀ ဦး၏ အမည်စာရင်းကို နိုင်ငံတော်သမ္မတထံ တင်ပြရမည်။

၉။ နိုင်ငံတော်သမ္မတသည် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌတို့နှင့်ညှိနှိုင်း၍ ပုဒ်မ ၈ အရ တင်ပြသည့် ကော်မရှင်အဖွဲ့ဝင်လောင်းထဲမှ သင့်လျော်သော ကော်မရှင်အဖွဲ့ဝင်များကို ရွေးချယ်ခန့်အပ်ရမည်။ ထိုသို့ရွေးချယ်ခန့်အပ်ရာတွင် ကော်မရှင်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့ကို တစ်ပါတည်း သတ်မှတ်ရမည်။

၁၀။ ကော်မရှင်အဖွဲ့ဝင်အဖြစ် ရွေးချယ်ခန့်အပ်ခြင်းခံရသူသည် ရွေးချယ်ခန့်အပ်ခြင်းခံရသည့်နေ့မှစ၍ -

(က) နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် တည်ဆဲဝန်ထမ်းစည်းမျဉ်းစည်းကမ်းများနှင့်အညီ နိုင်ငံ့ဝန်ထမ်းအဖြစ်မှ အငြိမ်းစားယူပြီးဖြစ်သည်ဟု မှတ်ယူရမည်။

(ခ) ကော်မရှင်အဖွဲ့ဝင်တစ်ဦး၏ လုပ်ငန်းတာဝန်များကို ထိခိုက်စေနိုင်သည့် ပြည်တွင်းပြည်ပဌာန၊ အဖွဲ့အစည်းနှင့်လုပ်ငန်းများတွင် လုပ်ကိုင်သူဖြစ်ပါက ယင်းတို့မှ နုတ်ထွက်ရမည်။

၁၁။ ကော်မရှင်အဖွဲ့ဝင်တစ်ဦးသည် ကော်မရှင်၏လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရာတွင် ဘက်လိုက်မှု မရှိဘဲ လွတ်လပ်စွာ လုပ်ကိုင်ဆောင်ရွက်ရမည့်အပြင် ကော်မရှင်၏ လုပ်ငန်းတာဝန်များကို ထိခိုက်စေသည့် သို့မဟုတ် ထိခိုက်စေနိုင်သည်ဟုယူဆရသည့် အခြားလုပ်ငန်းများ သို့မဟုတ် အခြားဆောင်ရွက်ချက်များတွင် ပါဝင်လုပ်ကိုင်ဆောင်ရွက်ခြင်းမှ ရှောင်ကြဉ်ရမည်။

**အဆင့်အတန်းနှင့်ရပိုင်ခွင့်များ**

၁၂။ (က) ကော်မရှင်ဥက္ကဋ္ဌကို ပြည်ထောင်စုဝန်ကြီးအဆင့်အဖြစ်လည်းကောင်း၊ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များကို ဒုတိယဝန်ကြီးအဆင့်အဖြစ်လည်းကောင်း သတ်မှတ်သည်။

(ခ) ပုဒ်မခွဲ (က) နှင့် အညီ သတ်မှတ်သော အဆင့်အတန်းနှင့်လျော်ညီသည့် ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များကို ခံစားခွင့်ရှိစေရမည်။

## အခန်း (၄)

## ကော်မရှင်အဖွဲ့ဝင်၏ ရာထူးသက်တမ်း၊ ရာထူးမှနုတ်ထွက်ခြင်း၊ တာဝန်မှရပ်စဲခြင်းနှင့် လစ်လပ်ရာထူးနေရာတွင် ဖြည့်စွက်ခန့်ထားခြင်း

၁၃။ ကော်မရှင်အဖွဲ့ဝင်၏ ရာထူးသက်တမ်းသည် ငါးနှစ်ဖြစ်သည်။

၁၄။ ကော်မရှင်အဖွဲ့ဝင်များသည် တစ်ဆက်တည်း ရာထူးသက်တမ်းနှစ်ခုထက် ပိုမိုတာဝန်ထမ်းဆောင်ခွင့် မရှိစေရ။

၁၅။ ရာထူးမှ နုတ်ထွက်ခြင်း သို့မဟုတ် တာဝန်မှ ရပ်စဲခံရခြင်းမှတစ်ပါး လက်ရှိတာဝန်ထမ်းဆောင် နေသော ကော်မရှင်အဖွဲ့ဝင်သည် ကော်မရှင်အဖွဲ့ဝင်အသစ် ခန့်အပ်ပြီးသည့်အချိန်အထိ မိမိတာဝန်များကို ဆက်လက်ထမ်းဆောင်ရမည်။

**ရာထူးမှနုတ်ထွက်ခြင်း၊ တာဝန်မှရပ်စဲခြင်း၊ လစ်လပ်ရာထူးနေရာတွင် ဖြည့်စွက်ခန့်ထားခြင်း**

၁၆။ ကော်မရှင်ဥက္ကဋ္ဌသည် တာဝန်ထမ်းဆောင်နေစဉ် အကြောင်းတစ်ခုခုကြောင့် မိမိသဘောဆန္ဒ အလျောက် ရာထူးမှ နုတ်ထွက်လိုလျှင် ထိုသို့နုတ်ထွက်လိုကြောင်းကို နိုင်ငံတော်သမ္မတထံ စာဖြင့် တင်ပြပြီး ရာထူးမှ နုတ်ထွက်နိုင်သည်။

၁၇။ ကော်မရှင်ဥက္ကဋ္ဌမှအပ ကော်မရှင်အဖွဲ့ဝင်တစ်ဦးသည် တာဝန်ထမ်းဆောင်နေစဉ် အကြောင်း တစ်ခုခုကြောင့် မိမိသဘောဆန္ဒအလျောက် ရာထူးမှနုတ်ထွက်လိုလျှင် ထိုသို့နုတ်ထွက်လိုကြောင်းကို ကော်မရှင်ဥက္ကဋ္ဌမှတစ်ဆင့် နိုင်ငံတော်သမ္မတထံ စာဖြင့်တင်ပြပြီး ရာထူးမှ နုတ်ထွက်နိုင်သည်။

၁၈။ နိုင်ငံတော်သမ္မတသည် ကော်မရှင်အဖွဲ့ဝင်တစ်ဦးဦးအား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌတို့နှင့်ညှိနှိုင်းပြီး အောက်ပါအခြေအနေတစ်ရပ်ရပ် ပေါ်ပေါက်ပါက တာဝန်မှရပ်စဲနိုင်သည် -

(က) ဥပဒေအရ သတ်မှတ်သော ဆေးအဖွဲ့၏ စစ်ဆေးချက်အရ ကိုယ်စိတ်နှစ်ပါးအနက် တစ်ပါးပါး ထာဝစဉ်ချို့ယွင်းသွားခြင်းကြောင့် တာဝန်ကို ဆက်လက်ထမ်းဆောင်နိုင်စွမ်း မရှိတော့ကြောင်း တွေ့ရှိရခြင်း၊

(ခ) တရားရုံးတစ်ခုခုက ပြစ်မှုကြောင်းအရ ထောင်ဒဏ်ချမှတ်ခံရခြင်း၊

(ဂ) တရားရုံးတစ်ခုခုက လူမွဲအဖြစ် ကြေညာခြင်းခံရခြင်း၊

(ဃ) ကော်မရှင်က ချမှတ်ထားသော စည်းကမ်းချက်များကို လိုက်နာရန်ပျက်ကွက်ခြင်း။

၁၉။ နိုင်ငံတော်သမ္မတသည် -

(က) ရာထူးမှ နုတ်ထွက်ခြင်းကြောင့်ဖြစ်စေ၊ တာဝန်မှရပ်စဲခံရခြင်းကြောင့်ဖြစ်စေ၊ ကွယ်လွန်ခြင်းကြောင့်ဖြစ်စေ၊ အခြားအကြောင်းတစ်ခုခုကြောင့်ဖြစ်စေ ကော်မရှင်အဖွဲ့ဝင်နေရာ လစ်လပ်လျှင် စိစစ်ရွေးချယ်ရေးအဖွဲ့က တင်ပြထားသော ကော်မရှင်အဖွဲ့ဝင်လောင်းအမည်စာရင်းမှ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့နှင့် ညှိနှိုင်းရွေးချယ်၍ ဖြည့်စွက်ခန့်ထားရမည်။

(ခ) ပုဒ်မခွဲ (က) ပါ ကော်မရှင် အဖွဲ့ဝင်လောင်းအမည်စာရင်းမှ ရွေးချယ်ရန် သင့်လျော်သူမရှိပါက ပုဒ်မ ၄၊ ပုဒ်မ ၅၊ ပုဒ်မ ၆၊ ပုဒ်မ ၇၊ ပုဒ်မ ၈ နှင့် ပုဒ်မ ၉ တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီး ဖြည့်စွက်ခန့်ထားရမည်။

၂၀။ လစ်လပ်သောရာထူးသည် ကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌ ရာထူးနေရာဖြစ်ပါက နိုင်ငံတော်သမ္မတသည် အသစ်ဖြည့်စွက်ခန့်ထားခြင်းမပြုနိုင်မီ ကျန်အဖွဲ့ဝင်တစ်ဦးဦးအား ယင်းရာထူးနေရာတွင် ယာယီတာဝန်ပေးအပ်ရမည်။

၂၁။ ပုဒ်မ ၁၃ ပါ ရာထူးသက်တမ်းနှင့်စပ်လျဉ်း၍ မည်သို့ပင်ပါရှိစေကာမူ လစ်လပ်ရာထူးတွင်ပုဒ်မ ၁၉ အရ ဖြည့်စွက်ခန့်ထားခြင်းခံရသည့် ကော်မရှင်အဖွဲ့ဝင်၏ ရာထူးသက်တမ်းသည် ၎င်းအစားထိုးသည့် ကော်မရှင်အဖွဲ့ဝင်၏ ကျန်ရှိသည့်သက်တမ်းအတွက်သာ ဖြစ်သည်။

## အခန်း (၅)
## ကော်မရှင်၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၂၂။ ကော်မရှင်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) သတင်းအချက်အလက်များ ဖြန့်ချိခြင်း၊ ပညာပေးခြင်းဖြင့် လူ့အခွင့်အရေးနှင့်စပ်လျဉ်း၍ အများပြည်သူ၏ အသိပညာအဆင့်အတန်းမြှင့်တင်ခြင်းနှင့် ခွဲခြားမှုပုံသဏ္ဌာန်အားလုံးကို တိုက်ဖျက်သည့် ကြိုးပမ်းအားထုတ်မှုများကို မြှင့်တင်ခြင်း၊

(ခ) လူ့အခွင့်အရေးနှင့် သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာနှင့် ပြည်တွင်းဥပဒေများအား လိုက်နာမှု ရှိ မရှိကို စောင့်ကြည့်လေ့လာရေး၊ မြှင့်တင်ရေးတို့နှင့်စပ်လျဉ်း၍ အောက်ပါတို့ကို ဆောင်ရွက်ခြင်း -

(၁) နိုင်ငံတော်က ပါဝင်ချုပ်ဆိုသင့်သည့် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးစာချုပ်များကို အစိုးရအဖွဲ့သို့ အကြံပြုတင်ပြခြင်း၊

(၂) တည်ဆဲဥပဒေနှင့် အဆိုပြုထားသည့် ဥပဒေကြမ်းများသည် နိုင်ငံတော်က ပါဝင်ချုပ်ဆိုထားသည့် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးစာချုပ်များနှင့် ကိုက်ညီမှု ရှိ မရှိကို လေ့လာသုံးသပ်ပြီး လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်ရေးအတွက် ပြဋ္ဌာန်းသင့်သည့် ဥပဒေများနှင့် အခြားဆောင်ရွက်သင့်သည်များကို အစိုးရအဖွဲ့မှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြခြင်း၊

(၃) နိုင်ငံတော်က ပါဝင်ချုပ်ဆိုထားသော အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးစာချုပ်များပါ ပြဋ္ဌာန်းချက်များအရ တင်သွင်းရန်တာဝန်ရှိသည့် အစီရင်ခံစာများပြုစုရာတွင်လည်းကောင်း၊ အဆိုပါ အစီရင်ခံစာများတွင် ထည့်သွင်းဖော်ပြသင့်သည်များနှင့်စပ်လျဉ်း၍လည်းကောင်း အစိုးရအဖွဲ့အား ပံ့ပိုးကူညီခြင်း။

(ဂ) လူ့အခွင့်အရေးဖောက်ဖျက်ကြောင်း တိုင်တန်းချက် သို့မဟုတ် စွပ်စွဲချက်နှင့်စပ်လျဉ်း၍ စိစစ်ပြီး စုံစမ်းစစ်ဆေးခြင်း၊

(ဃ) တိုင်တန်းချက် သို့မဟုတ် စွပ်စွဲချက်အရဖြစ်စေ၊ သတင်းအရဖြစ်စေ လူ့အခွင့်အရေးဖောက်ဖျက်မှု ဖြစ်ပွားကြောင်း သိရှိရသည့်နေရာသို့ သွားရောက်စစ်ဆေးခြင်း၊

(င) လူ့အခွင့်အရေးဖောက်ဖျက်မှု ဖြစ်ပွားသည့်နေရာသို့ သွားရောက်စစ်ဆေးခြင်းနှင့် အကျဉ်းထောင်၊ အကျဉ်းစခန်း၊ အချုပ်ခန်းများနှင့် အစိုးရ သို့မဟုတ် ပုဂ္ဂလိကထိန်းသိမ်းစောင့်ရှောက်ရေးစခန်း၊ ဌာနများသို့ အကြောင်းကြား၍ သွားရောက်စစ်ဆေးခြင်း၊

(စ) သက်ဆိုင်ရာအရပ်ဘက်အဖွဲ့အစည်း၊ စီးပွားရေးအဖွဲ့အစည်း၊ အလုပ်သမားအဖွဲ့အစည်း၊ တိုင်းရင်းသားအဖွဲ့အစည်း၊ လူနည်းစုများ၊ ပညာရပ်ဆိုင်ရာအဖွဲ့အစည်းတို့နှင့် သင့်လျော်သလို တိုင်ပင်ဆွေးနွေးခြင်း၊

(ဆ) ကမ္ဘာ့နိုင်ငံအားလုံး၏ လူ့အခွင့်အရေးအခြေအနေကို ပုံမှန်သုံးသပ်သည့် လုပ်ငန်းစဉ် အပါအဝင် အခြားအမျိုးသားအဆင့်၊ ဒေသအဆင့်နှင့် နိုင်ငံတကာအဆင့် လူ့အခွင့်အရေးဆိုင်ရာ ယန္တရားများနှင့် သင့်လျော်သလို တိုင်ပင်ဆွေးနွေးခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဇ) ပြည်ထောင်စုလွှတ်တော် သို့မဟုတ် ပြည်သူ့လွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော် သို့မဟုတ် အစိုးရအဖွဲ့က ကော်မရှင်သို့ ရည်ညွှန်းပေးပို့သော ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပြန်လည်ဖြေကြားခြင်း၊

(ဈ) လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်ရေးတို့နှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတက သီးခြား ရည်ညွှန်းသောကိစ္စရပ်များကို ပြန်လည်ဖြေကြားခြင်း၊

(ည) ကော်မရှင်၏ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ အစီရင်ခံစာများပြုစုခြင်းနှင့် သင့်လျော်သလို ထုတ်ပြန်ခြင်း၊

(ဋ) ကော်မရှင်၏ တာဝန်တစ်ရပ်ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဆက်စပ်မှုရှိသည့် သို့မဟုတ် အထောက်အကူဖြစ်စေမည့်လုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(ဌ) နိုင်ငံတော်၏ လူ့အခွင့်အရေးအခြေအနေနှင့် ကော်မရှင်၏ ဆောင်ရွက်မှုများ၊ လုပ်ငန်းတာဝန် များနှင့်စပ်လျဉ်း၍ သင့်လျော်သည့် အကြံပြုထောက်ခံချက်များ ပါဝင်သော နှစ်ပတ်လည် အစီရင်ခံစာကို နိုင်ငံတော်သမ္မတနှင့် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြခြင်း၊

(ဍ) လိုအပ်ပါက လူ့အခွင့်အရေးကိစ္စနှင့်စပ်လျဉ်းသည့် အထူးအစီရင်ခံစာများကို နိုင်ငံတော်သမ္မတထံ တင်ပြခြင်း။

၂၃။ ကော်မရှင်ဥက္ကဋ္ဌသည် အကြောင်းတစ်စုံတစ်ရာကြောင့် မိမိ၏လုပ်ငန်းတာဝန်ကို ဆောင်ရွက်နိုင်ခြင်း မရှိလျှင် ဒုတိယဥက္ကဋ္ဌသည် ဥက္ကဋ္ဌ၏ လုပ်ငန်းတာဝန်ကို ဆောင်ရွက်ရမည်။

၂၄။ ကော်မရှင်သည် -

(က) မိမိ၏လုပ်ပိုင်ခွင့်များကို လွတ်လပ်စွာ ဆောင်ရွက်ခွင့်ရှိသည်။

(ခ) ငွေကြေးစီမံခန့်ခွဲမှုနှင့် အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များကို ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လွတ်လပ်စွာ ဆောင်ရွက်ခွင့်ရှိသည်။

၂၅။ ကော်မရှင် အဖွဲ့ဝင်တစ်ဦးသည် မိမိ၏ဆောင်ရွက်ချက်တစ်ရပ်မှာ ကော်မရှင်၏အကျိုးနှင့် ဆန့်ကျင် ကြောင်း သိရှိပါက ကော်မရှင်ဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင်များအား ချက်ချင်းအကြောင်းကြားပြီး ဆောလျင်စွာ ပြုပြင်ဆောင်ရွက်ရမည်။

၂၆။ ကော်မရှင်သည် မိမိလုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် ထိရောက်မှုရှိစေရေးအတွက် နိုင်ငံတော် သမ္မတထံ အသိပေး၍ လိုအပ်သည့် ဘာသာရပ်ဆိုင်ရာကျွမ်းကျင်သူများကို ငှားရမ်းခွင့်ရှိသည်။

၂၇။ ကော်မရှင်သည် ပုံမှန်အစည်းအဝေးများနှင့် အထူးအစည်းအဝေးများ ကျင်းပခြင်း၊ အစည်းအဝေး အထမြောက်ခြင်း၊ သဘာပတိအဖြစ် ဆောင်ရွက်ခြင်း၊ ဆုံးဖြတ်ချက်ချမှတ်ခြင်းတို့နှင့်စပ်လျဉ်း၍ ဤဥပဒေ အရ ထုတ်ပြန်သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

## အခန်း (၆)

## စုံစမ်းစစ်ဆေးခြင်း

### လူ့အခွင့်အရေးဖောက်ဖျက်မှုများ စုံစမ်းစစ်ဆေးခြင်း၊ တိုင်တန်းချက်များ လက်ခံဆောင်ရွက်ခြင်း

၂၈။ လူ့အခွင့်အရေးဖောက်ဖျက်မှုများ ကျယ်ပြန့်စွာဖြစ်ပွားနေသည်ကိုလည်းကောင်း၊ ဖောက်ဖျက်မှုသည် စနစ်တစ်ရပ်အဖြစ် ဦးတည်နေသည်ကိုလည်းကောင်း သိရှိပါက ကော်မရှင်သည် ဦးဆောင်ဦးရွက်ပြု၍ စုံစမ်းစစ်ဆေးခြင်းကို ဆောင်ရွက်နိုင်သည်။

၂၉။ ကော်မရှင်သည် စုံစမ်းစစ်ဆေးမှုတစ်ရပ်ပြုလုပ်ရာတွင် သဘာဝတရား မျှတမှုသဘောတရားနှင့် အညီ လိုက်နာဆောင်ရွက်ရမည်။ ထို့ပြင် တရားမကျင့်ထုံး၊ ရာဇဝတ်ကျင့်ထုံးနှင့် သက်သေခံအက်ဥပဒေတို့ပါ သက်ဆိုင်သည့် ပြဋ္ဌာန်းချက်များကို ဆီလျော်သလို ကျင့်သုံးဆောင်ရွက်နိုင်သည်။

၃၀။ လူ့အခွင့်အရေးဖောက်ဖျက်မှုရှိသည်ဟု စွပ်စွဲချက်နှင့်စပ်လျဉ်း၍ ပုဂ္ဂိုလ်တစ်ဦးသည် မိမိကိုယ်တိုင် အတွက်သော်လည်းကောင်း၊ အခြားသူတစ်ဦးတစ်ယောက်အတွက်သော်လည်းကောင်း၊ တူညီသောလူတစ်စုကို ကိုယ်စားပြု၍သော်လည်းကောင်း တိုင်တန်းလိုသည့် အကြောင်းရင်းဖော်ပြပြီး ကော်မရှင်သို့ တိုင်ကြား နိုင်သည်။

၃၁။ တိုင်တန်းသူသည် အောက်ပါတို့ကို ဆောင်ရွက်ရာတွင် ကော်မရှင်သို့ စာဖြင့် တင်ပြရမည် -

(က) တိုင်တန်းချက်ကို ပြန်လည်ရုပ်သိမ်းခြင်း၊

(ခ) တိုင်တန်းချက်ကို ပြင်ဆင်ရန် ကော်မရှင်၏ ခွင့်ပြုချက်ရယူခြင်း။

၃၂။ ကော်မရှင်သည် အောက်ပါအကြောင်းတစ်ရပ်ရပ်ကြောင့် ဆောင်ရွက်ခြင်းမပြုရန် ဆုံးဖြတ်သည့်ကိစ္စရပ်မှ တစ်ပါး တိုင်တန်းချက်တစ်ရပ်ကို စုံစမ်းစစ်ဆေးရမည် -

(က) တိုင်တန်းချက်သည် သဘောရိုးဖြင့် တိုင်ကြားချက် မဟုတ်ခြင်း၊

(ခ) တိုင်တန်းချက်သည် ကော်မရှင်၏ လုပ်ပိုင်ခွင့်အတွင်း မကျရောက်ခြင်း၊

(ဂ) တိုင်တန်းသူအတွက် ပို၍သင့်လျော်သော ကုစားမှု သို့မဟုတ် ကြောင်းကျိုးညီညွတ်စွာ တိုင်တန်း နိုင်သည့် နည်းလမ်းများရှိခြင်း။

၃၃။ တိုင်တန်းချက်ပါ ကိစ္စရပ်တစ်ခုခုကို ကော်မရှင်က စုံစမ်းစစ်ဆေးရန် ငြင်းပယ်ခြင်း သို့မဟုတ် ရွှေ့ဆိုင်းခြင်း သို့မဟုတ် ရပ်ဆိုင်းရန် ဆုံးဖြတ်ခြင်းသည် ကော်မရှင်၏ ဦးဆောင်ဦးရွက်ပြုမှုဖြင့် ယေဘုယျ စုံစမ်းစစ်ဆေးပိုင်ခွင့်ကို ထိခိုက်မှုမရှိစေရ။

၃၄။ ကော်မရှင်သည် တိုင်တန်းချက်နှင့်စပ်လျဉ်း၍ ဖြေရှင်းဆောင်ရွက်ရာတွင် တိုင်တန်းချက်ပါ အကြောင်း ခြင်းရာသည် ညှိနှိုင်း၍ရနိုင်သော အလားအလာရှိသည်ဟု ယူဆပါက ညှိနှိုင်းဖြေရှင်းသောနည်းလမ်းကို အသုံးပြုပြီး ဖြေရှင်းဆောင်ရွက်ရမည်။ ထိုသို့ဆောင်ရွက်ရာတွင် တည်ဆဲဥပဒေများနှင့်အညီ ဖြစ်စေရမည်။

၃၅။ ကော်မရှင်သည် မိမိစုံစမ်းစစ်ဆေးလျက်ရှိသောကိစ္စနှင့်စပ်လျဉ်း၍ သတင်းအချက်အလက် ပေးနိုင် မည်ဟု ထင်မြင်ယူဆရသည့် မည်သည့်ပုဂ္ဂိုလ်ကိုမဆို သတ်မှတ်ချိန်းဆိုထားသည့် နေရာနှင့် အချိန်တွင် လာရောက်သက်သေခံရန် စာဖြင့် ဆင့်ဆိုခြင်း၊ ကတိသစ္စာပြုစေခြင်း၊ စစ်ဆေးမေးမြန်းခြင်းနှင့် ထွက်ဆိုချက် တွင် လက်မှတ်ရေးထိုးစေခြင်းများ ပြုနိုင်သည်။

၃၆။ ကော်မရှင်သည် အောက်ပါတို့မှအပ မိမိစုံစမ်းစစ်ဆေးသော ကိစ္စတစ်ရပ်နှင့်ပတ်သက်သည်ဟု ယူဆသည့် မည်သည့်ပုဂ္ဂိုလ် သို့မဟုတ် မည်သည့်ရုံးကိုမဆို ယင်းတို့ပိုင်ဆိုင်သည့် သို့မဟုတ် လက်ဝယ်ထားရှိသည့် စာရွက်စာတမ်းနှင့် အထောက်အထားများ တင်ပြရန် စာဖြင့် ရေးသားဆင့်ဆိုနိုင်သည် -

(က) နိုင်ငံတော်၏ လုံခြုံရေးနှင့်ကာကွယ်ရေးကို ထိခိုက်စေနိုင်သည့် စာရွက်စာတမ်း သို့မဟုတ် အထောက်အထားများ၊

(ခ) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများက လုံခြုံမှုအဆင့်အတန်း သတ်မှတ်ထားသော စာရွက်စာတမ်းများ။

၃၇။ ကော်မရှင်သည် အောက်ပါအကြောင်းတစ်ရပ်ရပ်နှင့် ငြိစွန်းသောတိုင်တန်းချက်ကို စုံစမ်းစစ်ဆေးခြင်း မပြုလုပ်ရ -

(က) တရားရုံးတစ်ခုခု၏ ရှေ့မှောက်၌ စစ်ဆေးကြားနာဆဲအမှုများနှင့် တရားရုံးတစ်ခုခု၏ စီရင်ဆုံးဖြတ်ချက်အပေါ် အယူခံမှု သို့မဟုတ် ပြင်ဆင်မှုဝင်ရောက်ဆဲအမှုများ၊

(ခ) တရားရုံးတစ်ခုခုက အပြီးသတ်စီရင်ဆုံးဖြတ်ပြီးသောအမှုများ။

၃၈။ ကော်မရှင်သည် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့်ဖြစ်စေ၊ ယင်းတို့နှင့်ဆက်နွှယ်သည့် အဖွဲ့အစည်းများနှင့်ဖြစ်စေ သက်ဆိုင်သော တိုင်တန်းချက်အပေါ် ၎င်းတို့ ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် မိမိ၏စုံစမ်းတွေ့ရှိချက်ကို အကြံပြုတိုက်တွန်းချက်နှင့်အတူ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းသို့ ပေးပို့ရမည်။ ယင်းဌာန၊ အဖွဲ့အစည်းသည် ကော်မရှင်၏ အကြံပြုတိုက်တွန်းချက်များနှင့်စပ်လျဉ်းသည့် အရေးယူဆောင်ရွက်ထားရှိမှုအခြေအနေကို ရက်ပေါင်းသုံးဆယ်အတွင်း ကော်မရှင်သို့ ပြန်ကြားရမည်။ ထိုသို့ပြန်ကြားရာတွင် တိုင်တန်းသူများ လက်တုံ့ပြန်မှုမခံရစေရေးအတွက် သေချာစေမည့် ဆောင်ရွက်ချက်ကိုလည်း ဖော်ပြရမည်။

၃၉။ စုံစမ်းစစ်ဆေးမှုတစ်ရပ် ပြီးဆုံးသည့်အခါ ကော်မရှင်သည် လိုအပ်ပါက မိမိ၏စုံစမ်းတွေ့ရှိချက်များနှင့် အကြံပြုချက်များကို နိုင်ငံတော်သမ္မတနှင့် ပြည်ထောင်စုလွှတ်တော်သို့ အစီရင်ခံတင်ပြပြီး အများပြည်သူ သိရှိနိုင်ရန်လည်း ထုတ်ပြန်နိုင်သည်။

၄၀။ ကော်မရှင်သည် တိုင်တန်းချက်နှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးမှုပြုလုပ်ရာတွင် ပုဂ္ဂိုလ်တစ်ဦးချင်း သို့မဟုတ် ပုဂ္ဂိုလ်များ၏ လူ့အခွင့်အရေးကို ဖောက်ဖျက်မှုရှိကြောင်း အထောက်အထား ခိုင်လုံစွာတွေ့ရှိပါက ပုဒ်မ ၃၈ နှင့် ပုဒ်မ ၃၉ တို့အရ တင်ပြသည့် အစီရင်ခံစာတွင် အောက်ပါတို့အတွက် အကြံပြုတိုက်တွန်းချက်များကို ဖော်ပြရမည် -

(က) လူ့အခွင့်အရေးဖောက်ဖျက်မှုရှိကြောင်း အတည်ပြုချက်နှင့် ယင်းလူ့အခွင့်အရေးဖောက်ဖျက်မှုများ ဆက်လက်မဖြစ်ပေါ်စေရေးနှင့်အလားတူ ဖောက်ဖျက်မှုများ ထပ်မံမဖြစ်ပွားစေရေး၊

(ခ) လူ့အခွင့်အရေးဖောက်ဖျက်မှုကို ကုစားရန် ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုက သင့်လျော်သလို ဆောင်ရွက်ပေးရေး၊

(ဂ) လူ့အခွင့်အရေးဖောက်ဖျက်မှုကြောင့် ထိခိုက်ဆုံးရှုံးနစ်နာမှုအတွက် လူ့အခွင့်အရေးဖောက်ဖျက်ခြင်း ခံရသူ ရသင့်ရထိုက်သည့် နစ်နာကြေး ရရှိနိုင်ရေး၊

(ဃ) သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်း၊ လုပ်ငန်း၊ ပုဂ္ဂိုလ် သို့မဟုတ် အာဏာပိုင်အဖွဲ့အစည်းက အရေးယူဆောင်ရွက်ရေးနှင့် ယင်းအကြံပြုတိုက်တွန်းချက်များအပေါ် ၎င်းတို့၏ အရေးယူဆောင်ရွက်ချက်များကို ကော်မရှင်သို့ သင့်လျော်သောအချိန်ကာလအတွင်း ပြန်ကြားရေး။

**အကာအကွယ်ပေးခြင်း**

၄၁။ ဤဥပဒေအရ ပေးအပ်ထားသော ကော်မရှင်၏ တာဝန်များကို ထမ်းဆောင်စဉ် ကော်မရှင်အဖွဲ့ဝင်၊ ကော်မရှင်ရုံးဝန်ထမ်း သို့မဟုတ် ကော်မရှင်ကိုယ်စား ဆောင်ရွက်သည့် ပုဂ္ဂိုလ်အား ခြိမ်းခြောက်ခြင်း၊ တားဆီးခြင်း၊ ပိတ်ပင်ခြင်း၊ စော်ကားခြင်း သို့မဟုတ် စွက်ဖက်ခြင်းပြုသူသည် တည်ဆဲဥပဒေအရ အရေးယူခြင်း ခံရမည်။

၄၂။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်သည် အခြားတစ်စုံတစ်ယောက်အား ထိုပုဂ္ဂိုလ်ကဖြစ်စေ ထိုပုဂ္ဂိုလ်နှင့် ကျွမ်းဝင်သူကဖြစ်စေ အောက်ပါကိစ္စတစ်ရပ်ရပ် လုပ်ဆောင်မှုကြောင့် မတရားဖိနှိပ်ခြင်း၊ ခြောက်လှန့်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ နှောင့်ယှက်ခြင်း သို့မဟုတ် အခြားနည်းလမ်းဖြင့် စွက်ဖက်ခြင်းတို့ ပြုခွင့်မရှိစေရ -

(က) ဤဥပဒေအရ ပေးအပ်ထားသော အခွင့်အရေးများ အသုံးချရန် ရည်ရွယ်ခြင်း၊

(ခ) ဤဥပဒေအရ ပေးအပ်ထားသော အခွင့်အရေးများကို အသုံးချခြင်း သို့မဟုတ် အခြားသူများ၏ အဆိုပါအခွင့်အရေးများကို မြှင့်တင်ပေးခြင်း၊

(ဂ) ဤဥပဒေအရ လုပ်ဆောင်သော တိုင်တန်းချက်၊ စုံစမ်းစစ်ဆေးချက် သို့မဟုတ် ဆောင်ရွက်ချက် တစ်စုံတစ်ရာနှင့်စပ်ဆိုင်သော သတင်းအချက်အလက် သို့မဟုတ် အထောက်အထားများပေးခြင်း၊

(ဃ) ဤဥပဒေအား ဆန့်ကျင်ရာရောက်သော မည်သည့်ကိစ္စကိုမဆို ဆောင်ရွက်ရန် ငြင်းပယ်ခြင်း၊

(င) ဤဥပဒေအရဖြစ်စေ၊ ဤဥပဒေကို ရည်ညွှန်း၍ဖြစ်စေ တစ်စုံတစ်ရာကို တစ်နည်းနည်းဖြင့် လုပ်ဆောင်ခြင်း။

**အကျဉ်းထောင်၊ အကျဉ်းစခန်း၊ အချုပ်ခန်းနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းများသို့ ကြည့်ရှုစစ်ဆေးခြင်း**

၄၃။ ကော်မရှင်သည် အကျဉ်းထောင်၊ အကျဉ်းစခန်း၊ အချုပ်ခန်းနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးစခန်း များတွင် အကျဉ်းကျနေသူများ၊ အချုပ်အနှောင်ခံနေရသူများ သို့မဟုတ် ထိန်းသိမ်းစောင့်ရှောက်ထားခြင်း ခံရသူများကို လူ့အခွင့်အရေးနှင့်သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာနှင့် ပြည်တွင်းဥပဒေများနှင့်အညီ လူသားချင်းစာနာထောက်ထားမှုဖြင့် စောင့်ရှောက်ထားခြင်း ရှိ မရှိ စိစစ်နိုင်ရန် အဆိုပါနေရာများသို့ ဝင်ရောက် ကြည့်ရှုစစ်ဆေးခွင့်ရှိသည်။ ယင်းသို့ ဝင်ရောက်ကြည့်ရှုစစ်ဆေးရာတွင် သက်ဆိုင်ရာဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်။

၄၄။ ပုဒ်မ ၄၃ အရ ဆောင်ရွက်ရာတွင် ကော်မရှင်သည် အောက်ပါလုပ်ပိုင်ခွင့်များ ရှိသည် -

(က) ကြည့်ရှုစစ်ဆေးလိုသောကာလကို သက်ဆိုင်ရာတာဝန်ရှိသူများထံ အကြောင်းကြားပြီး အကျဉ်းထောင်၊ အကျဉ်းစခန်း၊ အချုပ်ခန်းနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးစခန်း၊ ဌာနများသို့ ဝင်ရောက်ကြည့်ရှု စစ်ဆေးခွင့်၊

(ခ) အကျဉ်းထောင်၊ အကျဉ်းစခန်း၊ အချုပ်ခန်းနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးစခန်း၊ ဌာနများ အတွင်းရှိ နေရာများနှင့် အကျဉ်းသား၊ အချုပ်သား၊ ထိန်းသိမ်းစောင့်ရှောက်ထားခြင်းခံရသူများ၏ အသုံးအဆောင်များကို စစ်ဆေးခွင့်၊

(ဂ) အကျဉ်းသား၊ အချုပ်သားနှင့် ထိန်းသိမ်းစောင့်ရှောက်ထားခြင်းခံရသူများအား လွတ်လပ်စွာ သီးခြားတွေ့ဆုံမေးမြန်းခွင့်၊

(ဃ) သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းတို့က အရေးယူဆောင်ရွက်သင့်သည်များကို အကြံပြုတိုက်တွန်းခွင့်နှင့် အဆိုပါအကြံပြုတိုက်တွန်းချက်များအပေါ် အရေးယူဆောင်ရွက်ချက်များကို ကော်မရှင်သို့ ပြန်ကြားရန် တိုက်တွန်းခွင့်။

၄၅။ ကော်မရှင်သည် မိမိ၏တွေ့ရှိချက်နှင့် အကြံပြုတိုက်တွန်းချက်များကို သက်ဆိုင်ရာပြည်ထောင်စု အဆင့် အဖွဲ့အစည်းများသို့ အကြောင်းကြားခြင်းနှင့် အများပြည်သူအား သင့်လျော်သလို အသိပေးခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

## အခန်း (၇)
## ငွေကြေးစီမံခန့်ခွဲရေး

၄၆။ နိုင်ငံတော်သည် ဤဥပဒေအရ အပ်နှင်းထားသော လုပ်ငန်းတာဝန်များကို ကော်မရှင်က ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန်အလို့ငှာ လိုအပ်သောငွေကြေးကို ထောက်ပံ့ရမည်။

၄၇။ ကော်မရှင်သည် မည်သည့်ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းထံမှမဆို လူ့အခွင့်အရေးမြှင့်တင်ရေး၊ ကာကွယ်ရေးနှင့်စပ်လျဉ်း၍ ကော်မရှင်၏ လွတ်လပ်စွာဆောင်ရွက်ခွင့်ကို မထိခိုက်စေသည့် အနှောင်အဖွဲ့ မရှိသော အထောက်အပံ့ကို လက်ခံနိုင်သည်။

၄၈။ ကော်မရှင်သည် မိမိ၏ ရငွေ၊ သုံးငွေ၊ ပစ္စည်းပိုင်ဆိုင်မှုနှင့်ပေးရန် တာဝန်ရှိမှုတို့နှင့်စပ်လျဉ်း၍ ငွေစာရင်းထိန်းသိမ်းခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းနှင့်အညီ ထိန်းသိမ်းထားရှိရမည်။

၄၉။ ကော်မရှင်သည် မိမိ၏ငွေစာရင်းကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ စာရင်းစစ်ဆေးခြင်းကို ခံယူ ရမည်။

၅၀။ ကော်မရှင်၏ ရန်ပုံငွေများနှင့် ငွေကြေးလွှဲပြောင်းမှုများအပေါ်တွင် အခွန်စည်းကြပ်မှုများမှ ကင်းလွတ်ခွင့် ရယူလိုပါက သက်ဆိုင်ရာ တည်ဆဲအခွန်ဥပဒေများနှင့်အညီ လျှောက်ထားရမည်။

## အခန်း (၈)
## ဝန်ထမ်းအဖွဲ့အစည်း

၅၁။ ကော်မရှင်သည် -

(က) ကော်မရှင်၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန်အလို့ငှာ ဝန်ထမ်းဖွဲ့စည်းပုံတစ်ရပ် ရေးဆွဲ ထားရှိရမည်။ ယင်းဖွဲ့စည်းပုံအတွင်း လိုအပ်သောအရာထမ်းများနှင့် အမှုထမ်းများကို ခန့်ထား ရမည်။

(ခ) ကော်မရှင်၏ ဝန်ထမ်းရေးရာကိစ္စများနှင့်စပ်လျဉ်းသည့် စည်းမျဉ်းစည်းကမ်းများ၊ ခံစားခွင့်များကို သတ်မှတ်ရမည်။

၅၂။ ကော်မရှင်သည် မိမိ၏လုပ်ငန်းတာဝန်များကို ထိရောက်စွာဆောင်ရွက်နိုင်ရန်အလို့ငှာ ကော်မရှင်ရုံး အကြီးအမှူး အပါအဝင် လိုအပ်သော အရာထမ်း၊ အမှုထမ်းများကို ခန့်အပ်နိုင်သည်။

၅၃။ (က) ကော်မရှင်ရုံးအကြီးအမှူးသည် ကော်မရှင်၏ အတွင်းရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ရမည့် အပြင် ကော်မရှင်က သတ်မှတ်ပေးထားသော အခြားလုပ်ငန်းတာဝန်များကိုလည်း ထမ်းဆောင် ရမည်။

(ခ) ရုံးဝန်ထမ်းအဖွဲ့အစည်းသည် ကော်မရှင်ကို တာဝန်ခံရမည်။

၅၄။ ကော်မရှင်သည် နိုင်ငံ့ဝန်ထမ်းများအတွက် သတ်မှတ်ထားသော ဥပဒေ၊ စည်းမျဉ်းများနှင့်အညီ ကော်မရှင်ရုံးဝန်ထမ်းများ၏ ရာထူးအဆင့်အတန်းကို သတ်မှတ်ပေးရမည်။

၅၅။ ကော်မရှင်ဥက္ကဋ္ဌသည် ကော်မရှင်၏လုပ်ငန်းတာဝန်များအနက် သီးခြားသတ်မှတ်ပေးသော လုပ်ငန်းတာဝန်တစ်ရပ်ရပ်ကို ကော်မရှင်ရုံးအရာထမ်းတစ်ဦးဦးအား လက်မှတ်ရေးထိုး၍ လွှဲအပ်နိုင်သည်။

ယင်းသို့ လွှဲအပ်ရာတွင် လွှဲအပ်ခြင်းခံရသူသည် လွှဲအပ်သည့်စာတွင် ဖော်ပြထားသော လုပ်ငန်းတာဝန်ကိုသာ ဆောင်ရွက်ရမည်။

၅၆။ ကော်မရှင်ဥက္ကဋ္ဌသည် သက်ဆိုင်ရာအရာထမ်းအား ထိုသို့လွှဲအပ်ထားသော လုပ်ငန်းတာဝန်ကို မည်သည့်အချိန်တွင်မဆို စာဖြင့် ရုပ်သိမ်းနိုင်သည်။

## အခန်း (၉)

## အထွေထွေ

၅၇။ ကော်မရှင်သည် ကော်မရှင်ရုံးချုပ်ကို ဖွင့်လှစ်ထားရှိပြီး လုပ်ငန်းတာဝန်များကို အကောင်အထည် ဖော်ရန်အတွက် ကော်မရှင်ရုံးခွဲများကို လိုအပ်သလို ဖွင့်လှစ်နိုင်သည်။

၅၈။ ကော်မရှင်သည် အစည်းအဝေးများကို သတ်မှတ်ချက်များနှင့်အညီ ကျင်းပရမည်။

၅၉။ ကော်မရှင်သည် ဤဥပဒေပါ လုပ်ငန်းတာဝန်များကို ထိရောက်စွာ အကောင်အထည်ဖော်ရန်အတွက် လိုအပ်သောအဖွဲ့ခွဲများ၊ လုပ်ငန်းအဖွဲ့များကို ဒေသအလိုက်ဖြစ်စေ၊ ဘာသာရပ်အလိုက်ဖြစ်စေ ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များ သတ်မှတ်ပေးနိုင်သည်။

၆၀။ ကော်မရှင်သည် ကိုယ်ပိုင်အမည်၊ တံဆိပ်နှင့် စဉ်ဆက်မပြတ် ဆက်ခံဆောင်ရွက်ပိုင်ခွင့်ရှိပြီး တရားစွဲဆိုနိုင်ခွင့်နှင့် တရားစွဲဆိုခံနိုင်ခွင့်တို့ ရှိစေရမည်။

၆၁။ ကော်မရှင်အဖွဲ့ဝင်နှင့် ကော်မရှင်က တာဝန်ပေးအပ်ခြင်းခံရသူသည် ဤဥပဒေအရ လုပ်ငန်းတာဝန် ထမ်းဆောင်ရာတွင် ရာဇသတ်ကြီးပုဒ်မ ၂၁ အရ ပြည်သူ့ဝန်ထမ်းများဖြစ်သည်ဟု မှတ်ယူရမည်။

၆၂။ ဤဥပဒေအရ ပေးအပ်ထားသော တာဝန်နှင့်လုပ်ပိုင်ခွင့်များကို သဘောရိုးဖြင့် ဆောင်ရွက်ခြင်း၊ ဆောင်ရွက်ရန် ပျက်ကွက်ခြင်းနှင့် သဘောထားမှတ်ချက်ပေးခြင်း သို့မဟုတ် ထင်မြင်ချက်ပေးခြင်းတို့အတွက် ကော်မရှင်ကိုဖြစ်စေ၊ ကော်မရှင်အဖွဲ့ဝင်ကိုဖြစ်စေ၊ ကော်မရှင်က တာဝန်ပေးအပ်ခြင်းခံရသူကိုဖြစ်စေ ပြစ်မှုကြောင်းအရသော်လည်းကောင်း၊ တရားမကြောင်းအရသော်လည်းကောင်း တရားစွဲဆိုခြင်းမပြုရ။

၆၃။ ကော်မရှင် သို့မဟုတ် ကော်မရှင်ရုံးသို့ ဆက်သွယ်ပေးပို့တင်ပြသည့် သို့မဟုတ် ယင်းက စုဆောင်းရယူထားသည့် စာရွက်စာတမ်းများ၊ ပစ္စည်းများနှင့် သတင်းအချက်အလက်များသည် စိစစ်ဖြတ်တောက်ခြင်း သို့မဟုတ် စွက်ဖက်နှောင့်ယှက်ခြင်းတို့မှ ကင်းလွတ်စေရမည်။

၆၄။ ကော်မရှင်၏ ပရိဝုဏ်၊ မော်ကွန်းတိုက်၊ စာတွဲများ၊ စာရွက်စာတမ်းများ၊ ဆက်သွယ်ဆောင်ရွက်ချက်များ၊ ပစ္စည်းကိရိယာများ၊ ရန်ပုံငွေနှင့် ပစ္စည်းပိုင်ဆိုင်မှုများသည် မည်သည့်နေရာ၊ မည်သူ့လက်ဝယ်တွင် ရှိသည်ဖြစ်စေ ထိပါးခြင်း၊ ရှာဖွေခြင်း၊ သိမ်းဆည်းခြင်း၊ ဖမ်းဆီးခြင်း၊ ရယူခြင်း သို့မဟုတ် အခြားနည်းဖြင့် နှောင့်ယှက်ခြင်းတို့မှ ကင်းလွတ်ခွင့်ရှိစေရမည်။

၆၅။ ကော်မရှင်သည် မိမိဆောင်ရွက်လျက်ရှိသော စုံစမ်းစစ်ဆေးမှုများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန်အလို့ငှာ ဖော်ထုတ်ပြောကြားသင့်သည်ဟု ယူဆသည့် အချက်အလက်များကို ဖော်ထုတ်ပြောကြားနိုင်ခွင့်ရှိသည်။

၆၆။ ကော်မရှင်သည် မိမိရှေ့မှောက်၌ လာရောက်အစစ်ဆေးခံသူ၏ အမည်နှင့်သတင်းအချက်အလက်များ၊ ကော်မရှင်သို့ ထွက်ဆိုသည့် သက်သေထွက်ဆိုချက်များ၊ တင်ပြသည့် သက်သေခံစာရွက်စာတမ်းများ၊ ပစ္စည်းများနှင့်စပ်လျဉ်း၍ တစ်ဦးတစ်ယောက်က ကော်မရှင်၏ ခွင့်ပြုချက်မရှိဘဲ ထုတ်ပြန်ခြင်း၊ ထုတ်ဖော်ပြောဆိုခြင်း မပြုရန် ဆောင်ရွက်ရမည်။ ကော်မရှင်သည် သက်သေများကို အကာအကွယ်ပေးသည့် အစီအမံများကိုလည်း ဆောင်ရွက်နိုင်သည်။

၆၇။ ကော်မရှင်သည် မိမိရရှိထားသည့် သတင်းအချက်အလက်များကို မိမိ၏ ရည်မှန်းချက်များ အကောင်အထည်ဖော်ရန်ကိစ္စမှတစ်ပါး အခြားနည်းဖြင့် အသုံးပြုခြင်းမှ ရှောင်ကြဉ်ရမည်။

၆၈။ ကော်မရှင်က စုံစမ်းစစ်ဆေးရာ၌ ထွက်ဆိုချက်များ၊ သက်သေခံချက်များ၊ ဖြေဆိုချက်များပေးသူသည် မမှန်သက်သေခံမှုဖြင့် တရားစွဲဆိုခံရခြင်းမှတစ်ပါး ယင်းထွက်ဆိုချက်များ၊ သက်သေခံချက်များ၊ ဖြေဆိုချက်များအရ မည်သည့်တရားရုံးတွင်မျှ တရားစွဲဆိုခြင်း မခံထိုက်စေရ၊ ကော်မရှင်ရှေ့မှောက်၌ ထွက်ဆိုသော သက်သေ၏ထွက်ဆိုချက်၊ သက်သေခံချက်နှင့် ဖြေဆိုချက်များကို အခြားပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား တရားစွဲဆိုရာတွင် အသုံးမပြုရ။

၆၉။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအဖွဲ့၏ ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၄/၂၀၁၁ ဖြင့် ဖွဲ့စည်းတည်ထောင်ခဲ့သော မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်သည် ဤဥပဒေအရ ကော်မရှင်ဖွဲ့စည်းပြီးသည်အထိ မိမိ၏လုပ်ငန်းတာဝန်များကို ထမ်းဆောင် ရမည်။

၇၀။ ဤဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကော်မရှင်သည် လိုအပ်သော အမိန့် ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၄၅/၂၀၁၄)**

၁၃၇၅ ခုနှစ်၊ တန်ခူးလဆန်း ၂ ရက်

( ၂၀၁၄ ခုနှစ်၊ ဧပြီလ ၁ ရက် )

**အမျိုးသားဆေးဝါးဥပဒေကို ပြင်ဆင်သည့်ဥပဒေ ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော အမျိုးသားဆေးဝါးဥပဒေကိုပြင်ဆင်သည့် ဥပဒေ (၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၂။) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

## အမျိုးသားဆေးဝါးဥပဒေကို ပြင်ဆင်သည့်ဥပဒေ
## ( ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၂။ )

၁၃၇၅ ခုနှစ်၊ တန်ခူးလဆန်း ၂ ရက်
( ၂၀၁၄ ခုနှစ်၊ ဧပြီလ ၁ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို အမျိုးသားဆေးဝါးဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ အမျိုးသားဆေးဝါးဥပဒေ ပုဒ်မ ၄ ကို အောက်ပါအတိုင်းအစားထိုးရမည် -

"၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည် အောက်ပါပုဂ္ဂိုလ်များ ပါဝင်သော မြန်မာနိုင်ငံအစားအသောက်နှင့် ဆေးဝါးအာဏာပိုင်အဖွဲ့ကို ဖွဲ့စည်းရမည် -

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဆေးဝန်ထမ်းညွှန်ကြားရေးမှူး<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ညွှန်ကြားရေးမှူးချုပ်<br>ကျန်းမာရေးဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူးချုပ်<br>တိုင်းရင်းဆေးပညာဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူးချုပ်<br>မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန<br>မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ညွှန်ကြားရေးမှူးချုပ်<br>စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန<br>စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ညွှန်ကြားရေးမှူးချုပ်<br>စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာန<br>လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ကိုယ်စားလှယ်တစ်ဦး<br>နေပြည်တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (ဋ) | ကိုယ်စားလှယ်တစ်ဦး<br>ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |

(ဌ) ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

(ဍ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ငါးလုပ်ငန်းဦးစီးဌာန
မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန

(ဎ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ဆေးသိပ္ပံပညာဦးစီးဌာန
ကျန်းမာရေးဝန်ကြီးဌာန

(ဏ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ဆေးသုတေသနဦးစီးဌာန (မြန်မာပြည်အလယ်ပိုင်း)
ကျန်းမာရေးဝန်ကြီးဌာန

(တ) ညွှန်ကြားရေးမှူးချုပ် — အတွင်းရေးမှူး
အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန
ကျန်းမာရေးဝန်ကြီးဌာန"

၃။ အမျိုးသားဆေးဝါးဥပဒေပုဒ်မ ၁၈ နှင့် ပုဒ်မ ၁၉၊ ပုဒ်မခွဲ (က) တို့တွင် ပါရှိသော "ငွေဒဏ် အနည်းဆုံး ကျပ် ၅၀၀၀ မှ အများဆုံး ကျပ် ၅၀၀၀၀ အထိ" ဆိုသည့် စကားရပ်ကို "ငွေဒဏ်အနည်းဆုံး ကျပ်ငါးသောင်းမှ အများဆုံး ကျပ်ငါးသိန်းအထိ" ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၄။ အမျိုးသားဆေးဝါးဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ (ခ) တွင် ပါရှိသော "ငွေဒဏ် အနည်းဆုံး ကျပ် ၁၀၀၀ မှ အများဆုံး ကျပ် ၁၀၀၀၀ အထိ" ဆိုသည့် စကားရပ်ကို "ငွေဒဏ် အနည်းဆုံး ကျပ်တစ်သောင်းမှ အများဆုံး ကျပ်တစ်သိန်းအထိ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၅။ အမျိုးသားဆေးဝါးဥပဒေပုဒ်မ ၂၀ တွင် ပါရှိသော "ငွေဒဏ် အနည်းဆုံး ကျပ် ၅၀၀ မှ အများဆုံး ကျပ် ၅၀၀၀ အထိ" ဆိုသည့် စကားရပ်ကို "ငွေဒဏ် အနည်းဆုံး ကျပ်ငါးထောင်မှ အများဆုံး ကျပ်ငါးသောင်းအထိ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၆။ အမျိုးသားဆေးဝါးဥပဒေပုဒ်မ ၃၂ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၃၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ကျန်းမာရေးဝန်ကြီးဌာနသည် လိုအပ်ပါက နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ကျန်းမာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ အစားအသောက်နှင့်ဆေးဝါးအာဏာပိုင်အဖွဲ့တို့သည် လိုအပ်ပါက အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၂၀/၂၀၁၄)**

၁၃၇၅ ခုနှစ်၊ တန်ခူးလဆန်း ၃ ရက်

( ၂၀၁၄ ခုနှစ်၊ ဧပြီလ ၂ ရက် )

**လုပ်ပိုင်ခွင့် အပ်နှင်းခြင်း**

၂၀၁၄ ခုနှစ်၊ ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (က) နှင့် (ခ) ပါ ပြဋ္ဌာန်းချက်များနှင့် ဇယား (၁/၂) တို့အရ ပြည်ထောင်စုလွှတ်တော်၏ ရငွေသုံးငွေများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်နာယကသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ပြည်ထောင်စု လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်အား လွှဲအပ်ဆောင်ရွက်စေလိုက်သည်။

(ပုံ) သူရရွှေမန်း

နာယက

ပြည်ထောင်စုလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်သူ့လွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၅၂/၂၀၁၄**

၁၃၇၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၂ ရက်

( ၂၀၁၄ ခုနှစ်၊ မတ်လ ၁၇ ရက် )

**ပြည်သူ့လွှတ်တော်၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ**
**လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တွင် အဖွဲ့ဝင် ထည့်သွင်းဖွဲ့စည်းခြင်း**

ပြည်သူ့လွှတ်တော်သည် ၂၀၁၄ ခုနှစ်၊ မတ်လ ၁၇ ရက်နေ့တွင် ကျင်းပသည့် ပထမအကြိမ် ပြည်သူ့ လွှတ်တော် န၀မပုံမှန်အစည်းအဝေး ၂၆ ရက်မြောက်နေ့၌ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာ ဆန်းစစ်သုံးသပ်ရေးကော်မရှင်တွင် ဦးသောင်းမြင့်၊ ညွှန်ကြားရေးမှူး (ငြိမ်း)၊ စာရင်းစစ်ချုပ်ရုံးအား အဖွဲ့ဝင် အဖြစ် ထပ်မံထည့်သွင်းဖွဲ့စည်းလိုက်သည်။

(ပုံ) သူရရွှေမန်း

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်သူ့လွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၅၄/၂၀၁၄**

၁၃၇၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်

( ၂၀၁၄ ခုနှစ်၊ မတ်လ ၂၀ ရက် )

**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရွှေ (တမူးမဲဆန္ဒနယ်) ၏**
**“အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း” ကို ထုတ်ပြန်ကြေညာခြင်း**

ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်ရွှေ (တမူးမဲဆန္ဒနယ်) က ပြည်သူ့လွှတ်တော်သို့ တင်သွင်းသော “အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း” ကို ပြည်သူ့လွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၁၈၃ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) သူရရွှေမန်း
ဥက္ကဋ္ဌ
ပြည်သူ့လွှတ်တော်

**အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ (မူကြမ်း)**
**( ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်　။ )**

၁၃၇၅ ခုနှစ်၊　　　လ　　ရက်

( ၂၀၁၄ ခုနှစ်၊　　　လ　　ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။　ဤဥပဒေကို **“အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေကို ပြင်ဆင်သည့်ဥပဒေ”** ဟု ခေါ်တွင်စေရမည်။

၂။　အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေတွင် -

(က) အခန်း ၄ ခေါင်းစဉ်၊ အခန်း ၇ ခေါင်းစဉ်နှင့် အခန်း ၉ ခေါင်းစဉ်တို့တွင် ပါရှိသော **“လာဘ်ပေး လာဘ်ယူမှု”** ဆိုသည့် စကားရပ်တွင် **“အဂတိလိုက်စားမှု”** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မ ၃ ပုဒ်မခွဲ (က) (ခ) (ဂ) (ဏ) (ဒ) (ဓ)၊ ပုဒ်မ ၄ ပုဒ်မခွဲ (ဃ) (င)၊ ပုဒ်မ ၁၀ ပုဒ်မခွဲ (ဆ)၊ ပုဒ်မ ၁၆ ပုဒ်မခွဲ (ဃ) (င) (ည) (ဍ)၊ ပုဒ်မ ၁၇ ပုဒ်မခွဲ (က) (ဇ) (ဈ)၊ ပုဒ်မ ၁၈ ပုဒ်မခွဲ (က)၊ (ခ)၊ ပုဒ်မ ၁၉၊ ပုဒ်မ ၂၁ ပုဒ်မခွဲ (ဂ)၊ ပုဒ်မ ၂၈ ပုဒ်မခွဲ (ခ)၊ ပုဒ်မ ၄၁ ပုဒ်မခွဲ (ဂ)၊ ပုဒ်မ ၄၃ ပုဒ်မခွဲ (က) (ခ)၊ ပုဒ်မ ၄၃ ပုဒ်မခွဲ (ဂ) ပုဒ်မခွဲငယ် (၂)၊ ပုဒ်မ ၄၄၊ ပုဒ်မ ၅၁၊ ပုဒ်မ ၅၃ ပုဒ်မခွဲ (က)၊ ပုဒ်မ ၅၅၊ ပုဒ်မ ၅၆၊ ပုဒ်မ ၅၇၊ ပုဒ်မ ၅၉၊ ပုဒ်မ ၆၆ နှင့် ပုဒ်မ ၆၈ တို့တွင် ပါရှိသော **“လာဘ်ပေးလာဘ်ယူမှု”** ဆိုသည့် စကားရပ်ကို **“အဂတိလိုက်စားမှု”** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဂ) ပုဒ်မ ၃ ပုဒ်မခွဲ (တ) (ထ)၊ ပုဒ်မ ၄ ပုဒ်မခွဲ (က)၊ ပုဒ်မ ၁၆ ပုဒ်မခွဲ (ဈ) (ည) (ဍ) (ပ) နှင့် ပုဒ်မ ၄၁ ပုဒ်မခွဲ (ဃ) (င) (ဆ) တို့တွင် ပါရှိသော **“လာဘ်ပေးလာဘ်ယူမှုပပျောက်ရေး”**

ဆိုသည့် စကားရပ်ကို **"အဂတိလိုက်စားမှု တိုက်ဖျက်ရေး"** ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၃။ အခန်း (၁၁) အထွေထွေအခန်းမှ ပုဒ်မ ၇၀ ကို ပုဒ်မ ၇၀ ပုဒ်မခွဲ (ခ) အဖြစ် ပြောင်းလဲ၍ ပုဒ်မ ၇၀ ပုဒ်မခွဲ (က) အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ရမည် -

"၇၀ (က)။ ကော်မရှင်ဥက္ကဋ္ဌသည် ပြည်ထောင်စုဝန်ကြီးအဆင့် ပုဂ္ဂိုလ်ဖြစ်သည်ဟု မှတ်ယူရမည်။"

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်သူ့လွှတ်တော်ရုံး

## အမိန့်ကြော်ငြာစာအမှတ် (၅၉/၂၀၁၄)

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ တန်ခူးလဆန်း ၂ ရက်

( ၂၀၁၄ ခုနှစ်၊ ဧပြီလ ၁ ရက် )

### လုပ်ပိုင်ခွင့်အပ်နှင်းခြင်း

၂၀၁၄ ခုနှစ် နိုင်ငံတော်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပုဒ်မ ၃ ပုဒ်မခွဲ (က) နှင့် (ခ) ပါ ပြဋ္ဌာန်းချက်များနှင့် ဇယား (၁/၂) တို့အရ ပြည်သူ့လွှတ်တော်၏ ရငွေသုံးငွေများနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်အား လွှဲအပ်ဆောင်ရွက်စေလိုက်သည်။

(ပုံ) သူရရွှေမန်း
ဥက္ကဋ္ဌ
ပြည်သူ့လွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အမျိုးသားလွှတ်တော်ရုံး

## အမိန့်ကြော်ငြာစာအမှတ် ၁၆/၂၀၁၄

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၃ ရက်

( ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက် )

### ဥပဒေကြမ်းကော်မတီတွင် အဖွဲ့ဝင် အစားထိုးပြင်ဆင်ဖွဲ့စည်းခြင်း

အမျိုးသားလွှတ်တော်တွင် ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၇/၂၀၁၃) ဖြင့် ဖွဲ့စည်းခဲ့သည့် ဥပဒေကြမ်းကော်မတီ၌ အဖွဲ့ဝင် ချင်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ် (၆) မှ ဦးဆွန်ဒုတ်ကျင့် **အစား** ပဲခူးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ် (၁၁) မှ ဦးအောင်ချိုဦးအား အစားထိုး ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

(ပုံ) ခင်အောင်မြင့်
ဥက္ကဋ္ဌ
အမျိုးသားလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၁၇/၂၀၁၄**

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၃ ရက်

( ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက် )

**အလုပ်သမားရပိုင်ခွင့်ကာကွယ်စောင့်ရှောက်ရေးကော်မတီ**
**အမည်စာရင်းမှ ပယ်ဖျက်ခြင်း**

အမျိုးသားလွှတ်တော်တွင် ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂၂/၂၀၁၃) ဖြင့် ဖွဲ့စည်းခဲ့သည့် အလုပ်သမားရပိုင်ခွင့်ကာကွယ်စောင့်ရှောက်ရေးကော်မတီ၏ အတွင်းရေးမှူး ပဲခူးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ် (၁၁) မှ ဦးအောင်ချိုဦးအား ယင်းကော်မတီ၏ အမည်စာရင်းမှ ပယ်ဖျက်လိုက်သည်။

(ပုံ) ခင်အောင်မြင့်
ဥက္ကဋ္ဌ
အမျိုးသားလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၁၈/၂၀၁၄**

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ တပေါင်းလဆန်း ၅ ရက်

( ၂၀၁၄ ခုနှစ်၊ မတ်လ ၅ ရက် )

**နိုင်ငံတကာဆက်ဆံရေးကော်မတီတွင်**
**အတွင်းရေးမှူး အစားထိုးထည့်သွင်းဖွဲ့စည်းခြင်း**

အမျိုးသားလွှတ်တော်တွင် ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃၃/၂၀၁၃) ဖြင့် ဖွဲ့စည်းခဲ့သည့် နိုင်ငံတကာဆက်ဆံရေးကော်မတီ၌ အတွင်းရေးမှူး တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကြည်း - ၃၂၃၈၄ ဗိုလ်မှူးနေလင်းအောင် **အစား** တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကြည်း - ၃၀၅၇၇ ဗိုလ်မှူးတင်မောင်ဝင်းအား အစားထိုးထည့်သွင်းဖွဲ့စည်းလိုက်သည်။

(ပုံ) ခင်အောင်မြင့်
ဥက္ကဋ္ဌ
အမျိုးသားလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၂၃/၂၀၁၄**

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ တန်ခူးလဆန်း ၂ ရက်

( ၂၀၁၄ ခုနှစ်၊ ဧပြီလ ၁ ရက် )

**လုပ်ပိုင်ခွင့်အပ်နှင်းခြင်း**

၂၀၁၄ ခုနှစ် နိုင်ငံတော်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပုဒ်မ ၃ ပုဒ်မခွဲ (က) နှင့် (ခ) ပါ ပြဋ္ဌာန်းချက်များနှင့် ဇယား (၁/၂) တို့အရ အမျိုးသားလွှတ်တော်၏ ရငွေသုံးငွေများနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို အမျိုးသားလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်အား လွှဲအပ်ဆောင်ရွက်စေလိုက်သည်။

(ပုံ) ခင်အောင်မြင့်

ဥက္ကဋ္ဌ

အမျိုးသားလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်**

၁၃၇၅ ခုနှစ်၊ တပို့တွဲလဆန်း ၇ ရက်

( ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက် )

အမှတ် ၉၆ ။ ။ အောက်ဖော်ပြပါ လက်ထောက်ညွှန်ကြားရေးမှူး/ဒုတိယခရိုင်တရားသူကြီး (၂) ဦးအား ၎င်းတို့အမည်နှင့် ယှဉ်တွဲဖော်ပြထားသည့် တာဝန်များကို ထမ်းဆောင်ရန် သက်ဆိုင်ရာဒေသ အသီးသီးသို့ ပြောင်းရွှေ့နေရာချထားလိုက်သည် -

| **အမှတ်စဉ်** | **အမည်နှင့် ကိုယ်ပိုင်အမှတ်** | **လက်ရှိထမ်းဆောင်နေသည့် တာဝန်နှင့်ဒေသ** | **ပြောင်းရွှေ့ထမ်းဆောင်ရမည့် တာဝန်နှင့်ဒေသ** |
|---|---|---|---|
| ၁ | ဦးဌေးဝင်း<br>တ/၂၃၇၆ | ဒုတိယခရိုင်တရားသူကြီး<br>(ခရိုင်တရားသူကြီးတာဝန်)<br>ခရိုင်တရားရုံး<br>မိုင်းဆတ်ခရိုင် | ဒုတိယခရိုင်တရားသူကြီး<br>ခရိုင်တရားရုံး<br>မိတ္ထီလာခရိုင် |
| ၂ | ဒေါ်ယဉ်စန်း (ခ)<br>ဒေါ်ယဉ်ယဉ်ဟန်<br>တ/၁၉၅၉ | လက်ထောက်ညွှန်ကြားရေးမှူး<br>ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော် | ဒုတိယခရိုင်တရားသူကြီး<br>ခရိုင်တရားရုံး<br>ကျောက်ဆည်ခရိုင် |

ထွန်းထွန်းဦး

ပြည်ထောင်စုတရားသူကြီးချုပ်

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**သမဝါယမဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၅၂/၂၀၁၃)**

၁၃၇၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၁ ရက်

( ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက် )

သမဝါယမဝန်ကြီးဌာနသည် သမဝါယမအသင်းဥပဒေပုဒ်မ ၃၈ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၅ ရက် (ကြာသပတေး) နေ့တွင် ကျင်းပသော ပြည်ထောင်စု အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂၆/၂၀၁၃) မှ သဘောတူခွင့်ပြုချက်ဖြင့် သမဝါယမအသင်း နည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

ကျော်ဆန်း၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
သမဝါယမဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**သမဝါယမဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် ၅၂/၂၀၁၃**

၁၃၇၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၁ ရက်

( ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက် )

သမဝါယမဝန်ကြီးဌာနသည် သမဝါယမအသင်းဥပဒေပုဒ်မ ၃၈ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဤနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

**အခန်း (၁)**

**အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤနည်းဥပဒေများကို **သမဝါယမအသင်းနည်းဥပဒေများ**ဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင် ပါရှိသော စကားရပ်များသည် သမဝါယမအသင်းဥပဒေတွင် ပါရှိသည့် အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည် -

(က) **ဥပဒေ**ဆိုသည်မှာ သမဝါယမအသင်းဥပဒေကို ဆိုသည်၊

(ခ) **ဦးစီးကော်မတီ**ဆိုသည်မှာ သမဝါယမအသင်းစုများ၊ အသင်းစုချုပ်များက ၎င်းတို့၏ တစ်ဆင့်မြင့် သမဝါယမအသင်းအတွက် ရွေးချယ်စေလွှတ်သည့် ကိုယ်စားလှယ်များထဲမှ ဖွဲ့စည်းထားသော အဖွဲ့ကို ဆိုလိုသည်၊

(ဂ) **ဦးစီးကော်မတီဝင်**ဆိုသည်မှာ သမဝါယမအသင်းစုချုပ်နှင့် ဗဟိုသမဝါယမအသင်းတို့၏ ဦးစီး ကော်မတီတွင် ပါဝင်သော ပုဂ္ဂိုလ်ကို ဆိုလိုသည်၊

(ဃ) **ဘဏ္ဍာရေးစည်းမျဉ်း**ဆိုရာတွင် အောက်ပါတို့ ပါဝင်သည် -

(၁) ငွေကြေးဆိုင်ရာကိစ္စရပ်များအတွက် ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များ၊

(၂) အသင်းပိုင်ငွေ သို့မဟုတ် ပစ္စည်းသုံးစွဲမှုနှင့်စပ်လျဉ်း၍ အရပ်ရပ်ဆိုင်ရာအစည်းအဝေး ဆုံးဖြတ်ချက်အရဖြစ်စေ၊ အမှုဆောင်အဖွဲ့ဆုံးဖြတ်ချက်အရဖြစ်စေ ချမှတ်သည့် နည်းစနစ်။

(င) **စာရင်းကျွမ်းကျင်သူ**ဆိုရာတွင် အောက်ပါတို့ ပါဝင်သည် -

(၁) စာရင်းစစ်များ၊

(၂) အစိုးရစာရင်းစစ်နှင့် စာရင်းကိုင်သင်တန်း အောင်မြင်ပြီးသူများ၊

(၃) သမဝါယမကောလိပ်များ၊ သမဝါယမသင်တန်းကျောင်းများမှ စာရင်းစစ်နှင့် စာရင်းကိုင် သင်တန်း အောင်မြင်ပြီးသူများ၊

(၄) တက္ကသိုလ် သို့မဟုတ် ကောလိပ်မှ စာရင်းစစ် စာရင်းကိုင်ဘာသာရပ်အဓိကဖြင့် ဘွဲ့ရ ပြီးသူများ။

## အခန်း (၂)
## သမဝါယမအသင်းအဆင့်၊ အမျိုးအစားနှင့်စည်းကမ်းများ သတ်မှတ်ခြင်း

၃။ သမဝါယမအသင်းအဆင့်ကို အောက်ပါအတိုင်း သတ်မှတ်သည် -

(က) အခြေခံသမဝါယမအသင်း၊

(ခ) သမဝါယမအသင်းစု၊

(ဂ) သမဝါယမအသင်းစုချုပ်၊

(ဃ) ဗဟိုသမဝါယမအသင်း။

၄။ သမဝါယမအသင်းအဆင့်ဆင့်တွင် အောက်ပါ လုပ်ငန်းအမျိုးအစားများ ပါဝင်သည် -

(က) ကုန်ထုတ်သမဝါယမအသင်း၊

(ခ) ဝန်ဆောင်မှုသမဝါယမအသင်း၊

(ဂ) ကုန်သွယ်မှုသမဝါယမအသင်း၊

(ဃ) အထွေထွေသမဝါယမအသင်း။

၅။ သမဝါယမအသင်းတစ်သင်းကို အဓိကဆောင်ရွက်သော လုပ်ငန်းအလိုက် အသင်းအမျိုးအစား သတ်မှတ်ရမည်။ အသင်း၏အရပ်ရပ်ဆိုင်ရာအစည်းအဝေးက အတည်ပြုထားသည့် စည်းကမ်းတွင် ပါရှိပါက အခြားလုပ်ငန်းများ၊ တွဲဖက်ဆက်စပ်သောလုပ်ငန်းများကို ပူးတွဲဆောင်ရွက်နိုင်သည်။

၆။ သမဝါယမအသင်းတစ်သင်းသည် အသင်း၏ အမျိုးအစားနှင့်အဆင့်ကို မဖော်ပြဘဲ အသင်း၏ အမည်ကို သတ်မှတ်နိုင်သည်။

၇။ အသင်းဖွဲ့စည်းလိုသူများက မိမိတို့ ဖွဲ့စည်းလိုသည့် အသင်းအမျိုးအစားအလိုက် အောက်ပါ အချက်များ ပါဝင်သော အသင်းစည်းကမ်းကို ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ လွတ်လပ်စွာရေးဆွဲနိုင်သည်။ အသင်းစည်းကမ်းရေးဆွဲရာတွင် မှီငြမ်းဆောင်ရွက်နိုင်ရန် ဦးစီးဌာနက နမူနာအသင်းစည်းကမ်းကို ထုတ်ပြန် ပေးရမည် -

(က) အသင်းအမည်၊

(ခ) အသင်းအမျိုးအစား၊

(ဂ) အသင်းလိပ်စာ၊

(ဃ) အသင်း၏လုပ်ငန်းနယ်နိမိတ်၊

(င) အသင်းတွင် ပါဝင်နိုင်သည့် အသင်းသားနှင့် အသင်းဝင်တို့ ပါဝင်ရမည့်နည်းလမ်း၊

(စ) အသင်း၏ရည်ရွယ်ချက်၊

(ဆ) အသင်း၏လုပ်ငန်းများ၊

(ဇ) ရန်ပုံငွေခွဲဝေသုံးစွဲမည့်အစီအစဉ်၊

(ဈ) အသင်းသား၊ အသင်းဝင်နှင့် အသင်းဝင်ကိုယ်စားလှယ်အဖြစ် ပါဝင်မည့်သူများ လိုက်နာရမည့် စည်းကမ်း၊

(ည) အသင်းသားနှင့် အသင်းဝင်အဖြစ် လျှောက်ထားသူများအား ရွေးချယ်ပုံနည်းစနစ်များနှင့် လက်ခံပုံ နည်းစနစ်၊

(ဋ) အသင်းသား၊ အသင်းဝင်များ၏ ထည့်ဝင်ရမည့် အစုငွေ၊ လိုက်နာရမည့် တာဝန်များ၊

(ဌ) သမဝါယမအသင်းဥပဒေပုဒ်မ ၁၃ ပါ အကြောင်းတစ်ရပ်ရပ် ပေါ်ပေါက်သည့်အခါ အသင်းသား အဖြစ်မှ ရပ်စဲသည့်နည်းလမ်း၊

(ဍ) အသင်းသား၊ အသင်းဝင်များ၏ ပေးရန်တာဝန်နှင့် ရရန်ပိုင်ခွင့်၊

(ဎ) မတည်ရင်းနှီးငွေ ရယူထူထောင်မည့်နည်းလမ်း၊

(ဏ) အမှုဆောင်အဖွဲ့အစည်းအဝေးများ၊ အရပ်ရပ်ဆိုင်ရာအစည်းအဝေးများနှင့် ဆန္ဒမဲပေးသည့် နည်းစနစ်၊

(တ) အသင်းလုပ်ငန်းမှ ရရှိသည့် အသားတင်အမြတ်ငွေများကို ခွဲဝေမည့် နည်းစနစ်၊

(ထ) အသင်းသား၊ အသင်းဝင်များက ယင်းတို့၏ အစုနှင့်ရပိုင်ခွင့်များ လွှဲပြောင်းပေးပုံနည်းစနစ်၊

(ဒ) အသင်း၏ စာရင်းဇယားများ ရေးသွင်းရန်နှင့် မပျောက်မပျက်ထိန်းသိမ်းရန်အတွက် တာဝန် သတ်မှတ်ချက်၊

(ဓ) အသင်းသား၊ အသင်းဝင်အဖြစ် ပါဝင်ခွင့် လျှောက်လွှာပုံစံ၊

(န) အခြားလိုအပ်ချက်များ။

## အခန်း (၃)

## သမဝါယမအသင်းများ ဖွဲ့စည်းခြင်း

### အခြေခံသမဝါယမအသင်း

၈။ အခြေခံသမဝါယမအသင်းကို ဖွဲ့စည်းလိုသူများသည် အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) အခြေခံသမဝါယမအသင်းကို ဖွဲ့စည်းရန် အရပ်ရပ်ဆိုင်ရာအစည်းအဝေးတစ်ရပ်ကို ပြုလုပ် ရမည်။ ယင်းအစည်းအဝေးမတိုင်မီ ကြိုတင်ပြင်ဆင်သည့် အကြိုညှိနှိုင်းအစည်းအဝေးများ ပြုလုပ် နိုင်သည်။

(ခ) အခြေခံသမဝါယမအသင်း ဖွဲ့စည်းရာတွင် သမဝါယမအသင်းဥပဒေပုဒ်မ ၆ (က) နှင့် ပုဒ်မ ၈ တို့အရ အသင်းသားအဖြစ် ပါဝင်နိုင်ခွင့်ရှိသည့် အနည်းဆုံးငါးဦးက ဖွဲ့စည်းရန် အရပ်ရပ်ဆိုင်ရာ အစည်းအဝေး၌ ဆုံးဖြတ်လျှင် အခြေခံသမဝါယမအသင်းကို ဖွဲ့စည်းနိုင်သည်။

(ဂ) အခြေခံသမဝါယမအသင်းကို ဖွဲ့စည်းလိုသူများသည် အသင်းက လုပ်ကိုင်မည့် အဓိကစီးပွားရေး လုပ်ငန်းများကို အတိအကျသတ်မှတ်ရမည်။

(ဃ) အစည်းအဝေးတွင် သမဝါယမအသင်း ဖွဲ့စည်းလိုသူများက ကြိုတင်ညှိနှိုင်းရေးဆွဲထားသော စည်းကမ်းကို အများ၏ဆန္ဒနှင့်အညီ ဆွေးနွေးပြီး အများသဘောတူပါက အတည်ပြုရမည်။

(င) အခြေခံသမဝါယမအသင်းကို ဖွဲ့စည်းပြီးနောက် အသင်း၏အမှုဆောင်အဖွဲ့ကို သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ရွေးချယ်တင်မြှောက်ရမည်။ လိုအပ်ပါက လျှို့ဝှက်ဆန္ဒမဲစနစ်ဖြင့် ရွေးချယ်ရမည်။

၉။ အခြေခံသမဝါယမအသင်းကို မှတ်ပုံတင်ပေးရန်အလို့ငှာ အသင်း၏အမှုဆောင်အဖွဲ့က သက်ဆိုင်ရာသမဝါယမဦးစီးဌာနသို့ အောက်ပါစာရွက်စာတမ်းများကို တင်ပြရမည် -

(က) အခြေခံသမဝါယမအသင်း ဖွဲ့စည်းရန် မှတ်ပုံတင်ခွင့်တောင်းခံလွှာမူရင်းပါ သုံးစောင်၊

(ခ) အခြေခံသမဝါယမအသင်းကို ဖွဲ့စည်းရန် ပြုလုပ်သည့် အရပ်ရပ်ဆိုင်ရာအစည်းအဝေး၏ မှတ်တမ်းမူရင်းပါ သုံးစောင်၊

(ဂ) အခြေခံသမဝါယမအသင်းကို ဖွဲ့စည်းရန် ပြုလုပ်သည့် အရပ်ရပ်ဆိုင်ရာအစည်းအဝေးတွင် အများသဘောတူလက်ခံအတည်ပြုသော အခြေခံသမဝါယမအသင်း၏ စည်းကမ်းမူရင်းပါ သုံးစောင်။

၁၀။ (က) အသင်းသားအဖြစ် ပါဝင်နိုင်ခွင့်ရှိသူတစ်ဦးသည် အသင်းအမျိုးအစား မတူညီလျှင် အခြေခံသမဝါယမအသင်းတစ်သင်းထက်ပို၍ ပါဝင်နိုင်ခွင့်ရှိသည်။

(ခ) အသင်းသားအဖြစ် ပါဝင်နိုင်ခွင့်ရှိသူတစ်ဦးသည် အသင်း၏ သတ်မှတ်လုပ်ငန်းနယ်နိမိတ်ကို ပဓာနမထားဘဲ မည်သည့်အခြေခံသမဝါယမအသင်း၌မဆို ပါဝင်နိုင်ခွင့်ရှိသည်။

**သမဝါယမအသင်းစု**

၁၁။ သမဝါယမအသင်းစု ဖွဲ့စည်းရန် ဆန္ဒရှိသော အခြေခံသမဝါယမအသင်းများသည် သမဝါယမအသင်းစု ဖွဲ့စည်းရန် အနည်းဆုံး သုံးသင်းက သဘောတူလျှင် အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည် -

(က) အရပ်ရပ်ဆိုင်ရာအစည်းအဝေးတစ်ရပ် ပြုလုပ်ရမည်။ ယင်းအစည်းအဝေးမတိုင်မီ ကြိုတင်ပြင်ဆင်သည့် အကြိုညှိနှိုင်းအစည်းအဝေးများကို ပြုလုပ်နိုင်သည်၊

(ခ) အခြေခံသမဝါယမအသင်းများ၏ အမှုဆောင် သို့မဟုတ် ဒါရိုက်တာအဖွဲ့ဝင်များထဲမှ ယင်းအစည်းအဝေးသို့ သက်ဆိုင်ရာသမဝါယမအသင်း၏ အရပ်ရပ်ဆိုင်ရာအစည်းအဝေးက သတ်မှတ်သည့် ကိုယ်စားလှယ်ဦးရေကို ရွေးချယ်စေလွှတ်ရမည်၊

(ဂ) အစည်းအဝေးတွင် အခြေခံသမဝါယမအသင်းကိုယ်စားလှယ်များက ဆန္ဒမဲတစ်မဲစီ ပေးပိုင်ခွင့်ရှိသည်၊

(ဃ) အစည်းအဝေးတွင် အခြေခံသမဝါယမအသင်း ကိုယ်စားလှယ်အများစုက သဘောတူလျှင် သမဝါယမအသင်းစုကို ဖွဲ့စည်းနိုင်သည်၊

(င) အစည်းအဝေးတွင် သမဝါယမအသင်းစု၏ စည်းကမ်းကို အများဆန္ဒနှင့်အညီ ဆွေးနွေးပြီး အတည်ပြုကြောင်း ဆုံးဖြတ်ရမည်၊

(စ) သမဝါယမအသင်းစုကို ဖွဲ့စည်းပြီးနောက် သမဝါယမအသင်းစု၏ အမှုဆောင်အဖွဲ့ကို သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ရွေးချယ်တင်မြှောက်ရမည်။

၁၂။ သမဝါယမအသင်းစုကို မှတ်ပုံတင်ရန်အလို့ငှာ အသင်းစု၏ အမှုဆောင်အဖွဲ့သည် သက်ဆိုင်ရာသမဝါယမဦးစီးဌာနသို့ အောက်ပါစာရွက်စာတမ်းများကို တင်ပြရမည် -

(က) သမဝါယမအသင်းစုကို ဖွဲ့စည်းရန် မှတ်ပုံတင်ခွင့်တောင်းခံလွှာမူရင်းပါ သုံးစောင်၊

(ခ) သမဝါယမအသင်းစုကို ဖွဲ့စည်းရန် ပြုလုပ်သည့် အရပ်ရပ်ဆိုင်ရာအစည်းအဝေး၏ မှတ်တမ်းမူရင်းပါ သုံးစောင်၊

(ဂ) သမဝါယမအသင်းစုကို ဖွဲ့စည်းရန် ပြုလုပ်သည့် အရပ်ရပ်ဆိုင်ရာအစည်းအဝေးတွင် အများသဘောတူ လက်ခံအတည်ပြုသော သမဝါမယအသင်းစု၏ စည်းကမ်းမူရင်းပါ သုံးစောင်။

**သမဝါယမအသင်းစုချုပ်**

၁၃။ သမဝါယမအသင်းစုချုပ်ကို ဖွဲ့စည်းလိုသည့် သမဝါယမအသင်းစုများသည် စီးပွားဖြစ်ထွန်းအောင်မြင်မည့် အခြေအနေနှင့် အသင်းဝင်အရေအတွက် ပြည့်စုံလျှင် သမဝါယမအသင်းစုချုပ် ဖွဲ့စည်းရန် အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည် -

(က) သမဝါယမအသင်းစုချုပ်တွင် ပါဝင်လိုသော သမဝါယမအသင်းစုများသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုအလိုက် အသင်းဝင်အရေအတွက်အပေါ် မူတည်၍ သတ်မှတ်ထားသည့် ကိုယ်စားလှယ်ဦးရေကို ရွေးချယ်စေလွှတ်ရမည်။

(ခ) သမဝါယမအသင်းစုချုပ် အကြိုညှိနှိုင်းအစည်းအဝေးတွင် အသင်းစုများက ရွေးချယ်စေလွှတ်သော ကိုယ်စားလှယ်များအနက် အချိုးကျသတ်မှတ်ထားသည့် ဦးရေအတိုင်း ယင်းကိုယ်စားလှယ်များထဲမှ ဦးစီးကော်မတီဝင်ကို ညှိနှိုင်းရွေးချယ်ရမည်။

(ဂ) သမဝါယမအသင်းစုချုပ်ကို ဖွဲ့စည်းရန် အသင်းစုများက ရွေးချယ်သော အသင်းစုကိုယ်စားလှယ်များနှင့် ဦးစီးကော်မတီဝင်များ တက်ရောက်သည့် အရပ်ရပ်ဆိုင်ရာအစည်းအဝေးတစ်ရပ် ပြုလုပ်ရမည်။ ယင်းအစည်းအဝေးမတိုင်မီ ကြိုတင်ပြင်ဆင်သည့် အကြိုညှိနှိုင်းအစည်းအဝေးများကို ပြုလုပ်နိုင်သည်။

(ဃ) အရပ်ရပ်ဆိုင်ရာအစည်းအဝေးတွင် -

(၁) သမဝါယမအသင်းစုကိုယ်စားလှယ်၊ ဦးစီးကော်မတီဝင်များသည် ဆန္ဒမဲတစ်မဲစီ ပေးနိုင်ခွင့်ရှိသည်၊

(၂) သမဝါယမအသင်းစုကိုယ်စားလှယ်၊ ဦးစီးကော်မတီဝင်အများစုက သဘောတူညီလျှင် သမဝါယမအသင်းစုချုပ်ကို ဖွဲ့စည်းနိုင်သည်၊

(၃) သမဝါယမအသင်းစုချုပ်စည်းကမ်းကို အများဆန္ဒနှင့်အညီ ဆွေးနွေးပြီး အတည်ပြုကြောင်း ဆုံးဖြတ်ရမည်။

(င) အကြိုညှိနှိုင်းအစည်းအဝေးတွင် ညှိနှိုင်းသတ်မှတ်ထားသည့်ဦးရေအတိုင်း ဒါရိုက်တာအဖွဲ့ဝင်နှင့် အသင်းစာရင်းစစ်များအပြင် အရန်ဒါရိုက်တာအသီးသီးကို ဦးစီးကော်မတီဝင်များက လျာထားရွေးချယ်ရမည်။

(စ) ဦးစီးကော်မတီဝင်များအချင်းချင်း အကြိုညှိနှိုင်းရရှိထားသော ဒါရိုက်တာအဖွဲ့ဝင်များ၊ အသင်းစာရင်းစစ်များနှင့် အရန်ဒါရိုက်တာများ၏ အမည်ကို သမဝါယမအသင်းစုချုပ်၏ အရပ်ရပ်ဆိုင်ရာအစည်းအဝေးတွင် အတည်ပြုချက် ရယူရမည်။

၁၄။ သမဝါယမအသင်းစုချုပ်ကို မှတ်ပုံတင်ရန်အလို့ငှာ အသင်း၏အမှုဆောင်အဖွဲ့သည် သက်ဆိုင်ရာ သမဝါယမဦးစီးဌာနသို့ အောက်ဖော်ပြပါ စာရွက်စာတမ်းများကို တင်ပြရမည် -

(က) သမဝါယမအသင်းစုချုပ်ကို ဖွဲ့စည်းရန် မှတ်ပုံတင်ခွင့်တောင်းခံလွှာမူရင်းပါ သုံးစောင်၊

(ခ) သမဝါယမအသင်းစုချုပ်ကို ဖွဲ့စည်းရန် ပြုလုပ်သည့် အရပ်ရပ်ဆိုင်ရာအစည်းအဝေး၏ မှတ်တမ်းမူရင်းပါ သုံးစောင်၊

(ဂ) သမဝါယမအသင်းစုချုပ်ကို ဖွဲ့စည်းရန် ပြုလုပ်သည့် အရပ်ရပ်ဆိုင်ရာအစည်းအဝေးတွင် အများသဘောတူလက်ခံအတည်ပြုသော သမဝါယမအသင်းစုချုပ် စည်းကမ်းမူရင်းပါ သုံးစောင်။

**ဗဟိုသမဝါယမအသင်း**

၁၅။ သမဝါယမအသင်းစုများနှင့် သမဝါယမအသင်းစုချုပ်များ နှစ်ရပ်ပေါင်း၏ သုံးပုံတစ်ပုံအောက် မနည်းသော အသင်းများက သဘောတူညီလျှင် ဗဟိုသမဝါယမအသင်းကို ဖွဲ့စည်းနိုင်သည်။

၁၆။ ဗဟိုသမဝါယမအသင်း ဖွဲ့စည်းရာတွင် အမည်၊ အသုံးအနှုန်းနှင့် ကြီးကြပ်ကွပ်ကဲရမည့် အဖွဲ့အစည်းတို့အား လိုအပ်သလို ပြုပြင်သုံးစွဲ၍ သမဝါယမအသင်းစုချုပ် ဖွဲ့စည်းသည့်နည်းလမ်းအတိုင်း လိုက်နာဆောင်ရွက်ရမည်။ သို့ရာတွင် ဗဟိုသမဝါယမအသင်း ဖွဲ့စည်းရန် အရပ်ရပ်ဆိုင်ရာအစည်းအဝေးသို့ တက်ရောက်ကြမည့် အသင်းဝင်ကိုယ်စားလှယ်များသည် သမဝါယမအသင်းစုချုပ်အသီးသီး၏ ဦးစီးကော်မတီဝင်များသာ ဖြစ်ရမည်။

၁၇။ သမဝါယမအသင်းစုချုပ်နှင့် ဗဟိုသမဝါယမအသင်းသည် မိမိတို့၏ အသင်းစည်းကမ်းတွင် ဦးစီးကော်မတီ၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးရမည်။ အထူးသဖြင့် သမဝါယမအသင်းစုချုပ်သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုအလိုက် ရုံးခွဲတွင် ဦးစီးကော်မတီဝင်များအား သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုအတွင်း တာဝန်ထမ်းဆောင်ရန် သတ်မှတ်ပေးရမည်။

၁၈။ တစ်ဆင့်မြင့်အသင်းတွင် ပါဝင်သော အသင်းဝင် အသင်းတစ်သင်းသည် အောက်ပါအကြောင်းတစ်ရပ်ရပ် ပေါ်ပေါက်သည့်အခါ ယင်းတစ်ဆင့်မြင့်အသင်း၏ အသင်းဝင်အဖြစ်မှ ရပ်စဲသည် -

(က) သမဝါယမအသင်းမှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ခံရခြင်း၊

(ခ) အသင်း၏ အရပ်ရပ်ဆိုင်ရာအစည်းအဝေးက နုတ်ထွက်ရန် ဆုံးဖြတ်ခြင်း၊

(ဂ) တစ်ဆင့်မြင့်အသင်း၏ အရပ်ရပ်ဆိုင်ရာအစည်းအဝေးက ထုတ်ပယ်ခြင်း။

## အခန်း (၄)
## သမဝါယမအသင်းများကို မှတ်ပုံတင်ခြင်း

၁၉။ မှတ်ပုံတင်ရန် လျှောက်ထားလာသော သမဝါယမအသင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာသမဝါယမဦးစီးဌာနအဆင့်ဆင့်သည် -

(က) တင်ပြသည့် စာရွက်စာတမ်းများအရ သမဝါယမအသင်းဥပဒေ၊ သမဝါယမအသင်းနည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ စည်းကမ်း၊ အမိန့်၊ ညွှန်ကြားချက်များနှင့် ကိုက်ညီမှု ရှိ မရှိ စိစစ်ရမည်။

(ခ) လိုအပ်သည့် အသင်းဖွဲ့စည်းရေးဆိုင်ရာစာရွက်စာတမ်း၊ အချက်အလက်များကို သက်ဆိုင်သူများထံမှ တောင်းယူနိုင်သည်။ သက်ဆိုင်သူများကိုလည်း ခေါ်ယူဆွေးနွေးနိုင်သည်။

(ဂ) သမဝါယမအသင်းက လုပ်ဆောင်သည့် စီးပွားရေးလုပ်ငန်းသည် အသင်းသား၊ အသင်းဝင်နှင့် အသင်း၏အကျိုးစီးပွားနှင့် ကိုက်ညီမှု ရှိ မရှိကို စစ်ဆေးရမည်။ ယင်းသို့စစ်ဆေးရာတွင် အသင်းဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ လိုအပ်လျှင် အစိုးရဌာန၊ အဖွဲ့အစည်းများ၊ အခြားသမဝါယမအသင်းများနှင့် ပုဂ္ဂိုလ်များထံမှ အကူအညီရယူနိုင်သည်။

(ဃ) လိုအပ်သည်များကို စစ်ဆေး၍ သတ်မှတ်ချက်များနှင့် ကိုက်ညီလျှင် စိစစ်ထောက်ခံချက်များဖြင့် ဦးစီးဌာနသို့ ဆက်လက်တင်ပြရမည်။ ဦးစီးဌာနသည် ယင်းသမဝါယမအသင်းကို စိစစ်၍ မှတ်ပုံတင်ပေးရမည်။ ဤကဲ့သို့ မှတ်ပုံတင်သည့်အခါ သက်ဆိုင်ရာသမဝါယမအသင်းသို့ အသင်း

မှတ်ပုံတင်အမှတ်၊ အသင်းမှတ်ပုံတင်တံဆိပ်၊ အသင်းမှတ်ပုံတင်အမည်၊ အသင်းစည်းကမ်းနှင့် အခြားစာရွက်စာတမ်းတစ်စုံစီကို ပေးပို့ရမည်။

(င) မှတ်ပုံတင်ပေးရန် ဆုံးဖြတ်သည့်အခါ မှတ်ပုံတင်ကြေးနှုန်းထား သတ်မှတ်ပြီး အသင်းက နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းစေရမည်။ ယင်းသို့ ပေးသွင်းပြီးမှ မှတ်ပုံတင်ထုတ်ပေးခြင်း သို့မဟုတ် မှတ်ပုံတင်အသစ် လဲလှယ်ပေးခြင်း ပြုလုပ်ရမည်။

၂၀။ မှတ်ပုံတင်ပြီးသော သမဝါယမအသင်းသည် သက်ဆိုင်ရာသမဝါယမဦးစီးဌာနသို့ သတ်မှတ်သည့် အချိန်၌ အောက်ပါ အချက်အလက်များကို ပေးပို့ရမည် -

(က) အသင်းသား သို့မဟုတ် အသင်းဝင်မှတ်တမ်း၊

(ခ) အသင်းသား သို့မဟုတ် အသင်းဝင်များ အပြောင်းအလဲစာရင်း၊

(ဂ) အသင်း၏ အမှုဆောင် သို့မဟုတ် ဒါရိုက်တာအဖွဲ့ဝင်များ၏ ကိုယ်ရေးမှတ်တမ်း၊ အသင်းဝင်ဖြစ်လျှင် အသင်း၏ဖြစ်စဉ်။

၂၁။ သမဝါယမအသင်းတစ်သင်း၏ အမည်၊ တည်ရှိရာအရပ်ဒေသနှင့် အသင်းအမျိုးအစားတစ်ခုအတွင်း အဓိကလုပ်ငန်းများကို အသင်း၏ အရပ်ရပ်ဆိုင်ရာအစည်းအဝေး၏ ဆုံးဖြတ်ချက်အရ ပြောင်းလဲသတ်မှတ်လျှင် ယင်းသို့ပြောင်းလဲသတ်မှတ်ကြောင်းကို သက်ဆိုင်ရာသမဝါယမဦးစီးဌာနအဆင့်ဆင့်မှတစ်ဆင့် ဦးစီးဌာနသို့ အသိပေးတင်ပြရမည်။

၂၂။ သမဝါယမအသင်းသည် မှတ်ပုံတင်ထားသည့် အသင်းအမျိုးအစားတစ်ခုအဖြစ်မှ အခြားအသင်းအမျိုးအစားတစ်ခုအဖြစ်သို့ ပြောင်းလဲလိုလျှင် အရပ်ရပ်ဆိုင်ရာအစည်းအဝေးဆုံးဖြတ်ချက်ဖြင့် ပြောင်းလဲဆောင်ရွက်ရန်ဖြစ်ပြီး သက်ဆိုင်ရာသမဝါယမဦးစီးဌာနအဆင့်ဆင့်မှတစ်ဆင့် ဦးစီးဌာနသို့ အသိပေးတင်ပြရမည်။

၂၃။ အသင်းကို စာရင်းရှင်းလင်းဖျက်သိမ်းပြီးသည့်အခါတွင် ဦးစီးဌာနသည် ယင်းသမဝါယမအသင်းအား အသင်းမှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ရမည်။

## အခန်း (၅)

## အခြေခံသမဝါယမအသင်း၊ သမဝါယမအသင်းစု၊ သမဝါယမအသင်းစုချုပ်၊ ဗဟိုသမဝါယမအသင်းတို့၏ ဦးစီးကော်မတီနှင့် အမှုဆောင်အဖွဲ့ ရွေးချယ်ခြင်း၊ တာဝန်ပေးအပ်ခြင်းနှင့် တာဝန်မှရပ်စဲခြင်း

၂၄။ အခြေခံသမဝါယမအသင်း၊ သမဝါယမအသင်းစု၊ သမဝါယမအသင်းစုချုပ်နှင့် ဗဟိုသမဝါယမအသင်းတို့၏ အမှုဆောင် သို့မဟုတ် ဒါရိုက်တာအဖွဲ့ဝင်၊ ဦးစီးကော်မတီဝင်များကို ရွေးချယ်ရာတွင် အောက်ပါအချက်များနှင့်အညီ ရွေးချယ်တင်မြှောက်ရမည်။ လိုအပ်ပါက လျှို့ဝှက်ဆန္ဒမဲစနစ်ဖြင့် ရွေးချယ်ရမည် -

(က) အခြေခံသမဝါယမအသင်းဖြစ်လျှင် အသင်းသားတိုင်းသည် ပါဝင်အရွေးခံနိုင်သည်။

(ခ) သမဝါယမအသင်းစု၊ သမဝါယမအသင်းစုချုပ်နှင့် ဗဟိုသမဝါယမအသင်းဖြစ်လျှင် အသင်းဝင်သမဝါယမအသင်းများက စေလွှတ်သော ကိုယ်စားလှယ်များ၊ ဦးစီးကော်မတီဝင်များသာ ပါဝင်အရွေးခံနိုင်သည်။

(ဂ) ရွေးချယ်ပွဲပြုလုပ်မည့် အခြေခံသမဝါယမအသင်းသည် အရပ်ရပ်ဆိုင်ရာအစည်းအဝေးတစ်ရပ်ကို ခေါ်ယူ၍ အမှုဆောင် သို့မဟုတ် ဒါရိုက်တာအဖွဲ့ဝင်နှင့် အသင်းစာရင်းစစ်အဖြစ် သင့်လျော်သူကို အသင်းသားများထဲမှ အချင်းချင်း အဆိုပြုတင်ပြခြင်း၊ ထောက်ခံခြင်းများ ပြုလုပ်ရွေးချယ်ရမည်။

(ဃ) သမဝါယမအသင်းစု၊ သမဝါယမအသင်းစုချုပ်နှင့် ဗဟိုသမဝါယမအသင်းတို့တွင် ဦးစီးကော်မတီ၊ အမှုဆောင်အဖွဲ့၊ အသင်းစာရင်းစစ်နှင့် အသင်းဝင်သမဝါယမအသင်းများ၏ ကိုယ်စားလှယ်များ၊ ဦးစီးကော်မတီဝင်များထဲမှ အဆိုပြုတင်ပြခြင်း၊ ထောက်ခံခြင်းများ ပြုလုပ်ရွေးချယ်ရမည်။

(င) အရပ်ရပ်ဆိုင်ရာအစည်းအဝေးများမတိုင်မီ ကြိုတင်ပြင်ဆင်သည့် အကြိုညှိနှိုင်းအစည်းအဝေးများကို ပြုလုပ်နိုင်သည်။

(စ) သမဝါယမအသင်းတစ်သင်းတွင် ဦးစီးကော်မတီဝင်၊ အမှုဆောင် သို့မဟုတ် ဒါရိုက်တာအဖွဲ့ဝင် ဦးရေ မည်မျှကို ရွေးချယ်သင့်ကြောင်း အသင်းသားဦးရေ၊ အသင်းဝင်ဦးရေ၊ ဆောင်ရွက်မည့် လုပ်ငန်းသဘာဝနှင့် ပမာဏအလိုက် အသင်း၏အရပ်ရပ်ဆိုင်ရာအစည်းအဝေးတွင် သတ်မှတ်ရမည်။

(ဆ) အရပ်ရပ်ဆိုင်ရာအစည်းအဝေးတွင် အသင်းသား သို့မဟုတ် အသင်းဝင်က ရွေးချယ်တင်မြှောက်လိုက်သော အမှုဆောင် သို့မဟုတ် ဒါရိုက်တာအဖွဲ့ဝင်များသည် မိမိတို့အချင်းချင်းထဲမှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ အုပ်ချုပ်မှုဒါရိုက်တာတို့ကို လိုအပ်သလို ရွေးချယ်ရမည်။

(ဇ) သမဝါယမအသင်းအဆင့်ဆင့်၏ အမှုဆောင်အဖွဲ့များသည် သက်ဆိုင်ရာသမဝါယမအသင်း တစ်ခုလုံးအတွက် အောက်တွင် ဖော်ပြသည့်အတိုင်း တာဝန်ရှိရမည် -

(၁) စုပေါင်းတာဝန်ခံရမည်၊

(၂) တစ်ဦးစီ တာဝန်အသီးသီး တာဝန်ခွဲဝေယူရမည်၊

(၃) လုပ်ငန်းတစ်ခုစီအတွက် တာဝန်ခံလုပ်ဆောင်မည့်သူကို သတ်မှတ်ရမည်။

(ဈ) သမဝါယမအသင်းစုချုပ်နှင့် ဗဟိုသမဝါယမအသင်းတို့၏ လုပ်ငန်းများကို အချိန်ပြည့် တာဝန်ယူဆောင်ရွက်ရန် အမှုဆောင် သို့မဟုတ် ဒါရိုက်တာအဖွဲ့ဝင်အဖြစ် ရွေးချယ်ခြင်းခံရသူသည် အခြေခံသမဝါယမအသင်း သို့မဟုတ် သမဝါယမအသင်းစုတွင် အချိန်ပြည့်တာဝန်ထမ်းဆောင်နေသူဖြစ်ပါက ယင်းတာဝန်ကို စွန့်လွှတ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

၂၅။ (က) ပထမအကြိမ်ပြုလုပ်သည့် အသင်း၏ အရပ်ရပ်ဆိုင်ရာအစည်းအဝေး၌ အမှုဆောင် သို့မဟုတ် ဒါရိုက်တာအဖြစ် အရွေးမခံရသူက မိမိအရွေးမခံရခြင်းကိုသော်လည်းကောင်း၊ ရွေးချယ်ပွဲတစ်ခုလုံးကိုသော်လည်းကောင်း မကျေနပ်၍ ကန့်ကွက်လိုလျှင် အကျိုးအကြောင်းခိုင်လုံစွာ ရှင်းလင်းတင်ပြ၍ ယင်းအစည်းအဝေးတွင်ပင် ကန့်ကွက်ကြောင်း ကြေညာရမည်။

(ခ) ကန့်ကွက်သူတင်ပြသည့် ကန့်ကွက်ချက်ကို အမှုဆောင်အဖွဲ့ ရွေးချယ်သည့် အစည်းအဝေးက မှတ်တမ်းတင်၍ ယင်းအစည်းအဝေး၌ပင် အသင်းသားများ၏ သဘောဆန္ဒယူကာ ဆုံးဖြတ်ရမည်။

(ဂ) ယင်းအစည်းအဝေး၏ဆုံးဖြတ်ချက်ကို လက်မခံဘဲ အသင်းသားအချင်းချင်း စည်းလုံးညီညွတ်မှု ပျက်ပြားနိုင်သည့် အခြေအနေဖြစ်ပေါ်လာပါက ကျင်းပဆဲ အရပ်ရပ်ဆိုင်ရာအစည်းအဝေးအား အနည်းဆုံး သုံးရက်နှင့် အများဆုံး ခုနစ်ရက်ကြား ထပ်မံခေါ်ယူဆုံးဖြတ်ကြရမည်။

(ဃ) ထပ်မံခေါ်ဆိုသော အရပ်ရပ်ဆိုင်ရာအစည်းအဝေး၌ ကန့်ကွက်သူရရှိသည့် ဆန္ဒမဲသည် အနည်းဆုံးဖြစ်ပါက ယင်း၏ကန့်ကွက်ချက်သည် ပျက်ပြယ်သည်။ ကန့်ကွက်သူ၏ ဆန္ဒမဲသည် အနည်းဆုံးမဟုတ်လျှင် အရွေးခံရသူများအနက် ဆန္ဒမဲ အနည်းဆုံးရသူကိုပယ်၍ ယင်းနေရာတွင် ကန့်ကွက်သူအား အရွေးခံရသည်ဟု ကြေညာရမည်။

၂၆။ သမဝါယမအသင်းအဆင့်ဆင့်၏ အမှုဆောင် သို့မဟုတ် ဒါရိုက်တာအဖွဲ့ဝင်၊ အသင်းစာရင်းစစ်နှင့် အသင်းဝင်ကိုယ်စားလှယ်တိုင်းသည် မိမိအား ရွေးချယ်သည့် အရပ်ရပ်ဆိုင်ရာအစည်းအဝေးတွင် ကိုယ်တိုင် တက်ရောက်၍ အောက်ပါအတိုင်း ကတိသစ္စာခံယူရမည် -

(က) ကျွန်ုပ်သည် သမဝါယမမူများကို ယုံကြည်စွာလက်ခံကျင့်သုံးပါမည်။

(ခ) ကျွန်ုပ်သည် သမဝါယမအသင်းဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ စည်းကမ်းနှင့် ညွှန်ကြားချက်များကို လိုက်နာပါမည်။

(ဂ) ကျွန်ုပ်သည် သမဝါယမအသင်း၏ အကျိုးစီးပွားအတွက် အသင်းက ပေးအပ်သော တာဝန်များကို ကျေပွန်စွာထမ်းဆောင်ပါမည်။

၂၇။ သမဝါယမအသင်းအဆင့်ဆင့်၏ အရပ်ရပ်ဆိုင်ရာအစည်းအဝေးတွင် တက်ရောက်သော အသင်းသား၊ အသင်းဝင်၏ ကိုယ်စားလှယ်အားလုံး၏ သုံးပုံနှစ်ပုံအောက်မနည်းသော လူဦးရေက ဆန္ဒမဲ ပေးလျှင် သက်ဆိုင်ရာအသင်း၏ အမှုဆောင်အဖွဲ့ တစ်ဖွဲ့လုံးကိုသော်လည်းကောင်း၊ တစ်ဦးဦးကိုသော် လည်းကောင်း၊ တစ်ဆင့်မြင့်သမဝါယမအသင်းအတွက် ရွေးချယ်ထားသော ကိုယ်စားလှယ်ကိုသော် လည်းကောင်း အချိန်မရွေး ပြန်လည်ရုပ်သိမ်းနိုင်သည်။

၂၈။ အမှုဆောင်အဖွဲ့သည် စာရင်းစစ်အစီရင်ခံစာအရ အလွဲသုံးစားပြုလုပ်ခြင်းကိုသော်လည်းကောင်း၊ အသင်း၏စီးပွားရေးတည်မြဲမှုကို ထိခိုက်ခြင်းသော်လည်းကောင်း ပြုလုပ်ကြောင်း တွေ့ရှိလျှင် ယင်းသို့ ဖောက်ဖျက်ကျူးလွန်သူ ဦးစီးကော်မတီဝင် သို့မဟုတ် အမှုဆောင် သို့မဟုတ် ဒါရိုက်တာအဖွဲ့ဝင်ကို တာဝန် ခွဲဝေ သတ်မှတ်ချက်နှင့်အညီ အတိအကျဖော်ပြ၍ အောက်ဖော်ပြပါအတိုင်း အရေးယူရမည် -

(က) တာဝန်မှ ယာယီရပ်စဲခြင်း၊

(ခ) တာဝန်မှ ယာယီရပ်စဲပြီး တည်ဆဲဥပဒေနှင့်အညီ တရားစွဲဆိုစေခြင်း၊

(ဂ) သက်ဆိုင်ရာတရားရုံး၏ ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် တာဝန်မှရပ်စဲပြီး အသင်းသား၊ အသင်းဝင်ကိုယ်စားလှယ်အဖြစ်မှ ထုတ်ပယ်ခြင်း။

၂၉။ သမဝါယမအသင်းအဆင့်ဆင့်၏ ဦးစီးကော်မတီဝင်၊ အမှုဆောင် သို့မဟုတ် ဒါရိုက်တာအဖွဲ့ဝင်၊ အသင်းစာရင်းစစ်နှင့် အသင်းဝင်ကိုယ်စားလှယ်များသည် အောက်ပါအကြောင်းတစ်ရပ်ရပ်ပေါ်ပေါက်သည့် အခါ ဦးစီးကော်မတီဝင်၊ အမှုဆောင် သို့မဟုတ် ဒါရိုက်တာအဖွဲ့ဝင်၊ အသင်းစာရင်းစစ်နှင့် အသင်းဝင် ကိုယ်စားလှယ်များအဖြစ်မှ ရပ်စဲသည် -

(က) ဦးစီးကော်မတီဝင်၊ အမှုဆောင် သို့မဟုတ် ဒါရိုက်တာအဖွဲ့ဝင်၊ အသင်းစာရင်းစစ်နှင့် အသင်းဝင် ကိုယ်စားလှယ်အဖြစ်မှ မိမိဆန္ဒအရ နုတ်ထွက်ခြင်း၊

(ခ) သမဝါယမအသင်းသား၊ အသင်းဝင်အဖြစ်မှ ရပ်စဲခြင်း၊

(ဂ) မူလရွေးချယ်စေလွှတ်သည့် သမဝါယမအသင်း၏ ပြန်လည်ရုပ်သိမ်းမှုကိုခံရခြင်း၊

(ဃ) အရပ်ရပ်ဆိုင်ရာအစည်းအဝေးက ပြန်လည်ရုပ်သိမ်းခြင်း၊

(င) သေဆုံးခြင်း၊ ရူးသွပ်ခြင်း။

၃၀။ သမဝါယမအသင်း အကျိုးစီးပွားအလို့ငှာ သမဝါယမအသင်းအမှုဆောင်အဖွဲ့တစ်ဖွဲ့လုံးအား တာဝန်မှ ရပ်စဲရန် ခိုင်လုံသောအကြောင်းရှိ၍ ရပ်စဲလိုက်သည့်အခါ အသင်း၏ စာရင်းစစ်နှစ်ဦး သို့မဟုတ် အသင်း၏ အဆင့်မြင့်ဝန်ထမ်းများကို အသင်း၏တည်ဆဲလုပ်ငန်းများအား ပုံမှန်ဆက်လက်လုပ်ကိုင်စေလျက် အသင်း၏ စည်းကမ်းနှင့်အညီ အရေးပေါ်အရပ်ရပ်ဆိုင်ရာအစည်းအဝေးတစ်ရပ်ကို အတိုဆုံးကာလအတွင်း ခေါ်ယူ

ကျင်းပ၍ အမှုဆောင်အဖွဲ့သစ်ကို ရွေးချယ်ခြင်း၊ ကြားကာလအတွင်း ဆောင်ရွက်ချက်များကို တင်ပြ မှတ်တမ်းတင်ခြင်း စသည်တို့ကို ဆောင်ရွက်ရမည်။ အမှုဆောင်အဖွဲ့သစ်သည် အသင်းတွင် ဖြစ်ပွားခဲ့သည့် ကိစ္စများအနက် ဥပဒေနှင့်ငြိစွန်းသည့်ကိစ္စများကို တည်ဆဲဥပဒေတစ်ရပ်ရပ်အရ အရေးယူရမည်။

၃၁။ သမဝါယမအသင်း အကျိုးစီးပွားအလို့ငှာ အသင်းသားကိုယ်စားပြု ဆောင်ရွက်မည့် အသင်းစာရင်းစစ်များ သို့မဟုတ် အသင်း၏အဆင့်မြင့်ဝန်ထမ်းများပါမကျန် တာဝန်မှုရပ်စဲရန် အခြေအနေများ ခိုင်လုံစွာဖြစ်ပေါ်လာသည့်အခါ အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ခေါ်ဆိုပြီး အသင်းကို ဆက်လက်ထားရှိရန် အများဆန္ဒရှိပါက အမှုဆောင်အဖွဲ့ကို အသစ်ရွေးချယ်စေပြီး ဆက်လက်ဆောင်ရွက်စေရမည်။ အသင်းကို ဆက်လက်ထားရှိရန် အများက ဆန္ဒမရှိကြောင်း အရပ်ရပ်ဆိုင်ရာအစည်းအဝေးတွင် ဆုံးဖြတ်လျှင် စာရင်းရှင်းလင်းဖျက်သိမ်းစေရမည်။

၃၂။ နည်းဥပဒေ ၃၀ နှင့် ၃၁ တို့အရ ဆောင်ရွက်ရန် ကိစ္စရပ်များကို အရပ်ရပ်ဆိုင်ရာအစည်းအဝေး ဆုံးဖြတ်ချက်ချသည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း ဆောင်ရွက်ရမည်။

၃၃။ သမဝါယမအသင်းအဆင့်ဆင့်၏ အမှုဆောင် သို့မဟုတ် ဒါရိုက်တာအဖွဲ့ဝင်များ၊ အသင်းစာရင်းစစ်နှင့် အသင်းကိုယ်စားလှယ်များ၏ သက်တမ်းသည် တစ်ကြိမ်လျှင် ငါးနှစ်ဖြစ်သည်။

၃၄။ သမဝါယမအသင်းအဆင့်ဆင့်တွင် အမှုဆောင် သို့မဟုတ် ဒါရိုက်တာအဖွဲ့ဝင်၊ အသင်းစာရင်းစစ်နှင့် အသင်းကိုယ်စားလှယ်နေရာများ လစ်လပ်လျှင် အနီးကပ်ဆုံး အရပ်ရပ်ဆိုင်ရာအစည်းအဝေးတွင် လိုအပ်သော ဦးရေကို ရွေးချယ်၍ ဖြည့်စွက်နိုင်သည်။

## အခန်း (၆)
## အစည်းအဝေးများ

၃၅။ သမဝါယမအသင်းများက ပြုလုပ်ရမည့် အရပ်ရပ်ဆိုင်ရာအစည်းအဝေးများမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) ဘဏ္ဍာရေးနှစ်ကုန်ဆုံးပြီး သုံးလအတွင်း ပြုလုပ်သည့် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေး၊

(ခ) သုံးပုံနှစ်ပုံအောက်မနည်းသော အသင်းသား သို့မဟုတ် အသင်းဝင်ကိုယ်စားလှယ်၊ ဦးစီးကော်မတီဝင်တို့က တောင်းဆိုသည့်အတွက် ပြုလုပ်ရသည့် အထူးအရပ်ရပ်ဆိုင်ရာအစည်းအဝေး၊

(ဂ) အမှုဆောင်အဖွဲ့က အရေးကြီးကိစ္စများအတွက် ခေါ်ယူပြုလုပ်သည့် အရပ်ရပ်ဆိုင်ရာအစည်းအဝေး။

၃၆။ (က) သမဝါမယအသင်းအမှုဆောင်အဖွဲ့၏ အုပ်ချုပ်မှုဒါရိုက်တာ သို့မဟုတ် အတွင်းရေးမှူးသည် အောက်ပါအချက်များကိုဖော်ပြ၍ အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဖိတ်ကြားရမည် -

(၁) ပြုလုပ်မည့်နေရာ၊

(၂) ပြုလုပ်မည့်နေ့ရက်၊

(၃) ပြုလုပ်မည့်အချိန်၊

(၄) အစည်းအဝေးအစီအစဉ်။

(ခ) အရပ်ရပ်ဆိုင်ရာအစည်းအဝေးဖိတ်စာများကို အနည်းဆုံး ခုနစ်ရက်ကြိုတင်၍ အသင်းသား သို့မဟုတ် အသင်းဝင်ကိုယ်စားလှယ်၊ ဦးစီးကော်မတီဝင်များထံ ပေးပို့ရမည်။

(ဂ) အရပ်ရပ်ဆိုင်ရာအစည်းအဝေးတွင် အသင်းသား သို့မဟုတ် အသင်းဝင်ကိုယ်စားလှယ်၊ ဦးစီးကော်မတီဝင်မဟုတ်သူများ တက်ရောက်ရန် လိုအပ်လျှင် အမှုဆောင်အဖွဲ့ ခွင့်ပြုချက်ဖြင့်

အုပ်ချုပ်မှုဒါရိုက်တာ သို့မဟုတ် အတွင်းရေးမှူးက ဖိတ်ကြားနိုင်သည်။ အသင်းကို မှတ်ပုံတင်ရန် စိစစ်သည့် သက်ဆိုင်ရာသမဝါယမဦးစီးဌာနကို ဖိတ်ကြားရမည်။

(ဃ) အစည်းအဝေးသို့ မတက်ရောက်နိုင်သည့် အသင်းသား၊ အသင်းဝင်ကိုယ်စားလှယ်၊ ဦးစီးကော်မတီဝင်သည် အသင်းဥက္ကဋ္ဌထံ ကြိုတင်ခွင့်တောင်းရမည်။

၃၇။ အရပ်ရပ်ဆိုင်ရာအစည်းအဝေးသို့ အသင်းသား၊ အသင်းဝင်ကိုယ်စားလှယ်၊ ဦးစီးကော်မတီဝင်ဦးရေ ထက်ဝက်ကျော်တက်လျှင် အစည်းအဝေးအထမြောက်သည်။ အစည်းအဝေးအထမြောက်သည့်ဦးရေ မပြည့်လျှင် -

(က) အသင်းသား၊ အသင်းဝင်ကိုယ်စားလှယ်၊ ဦးစီးကော်မတီဝင်များ၏ တောင်းဆိုချက်အရ ပြုလုပ်ရသော အစည်းအဝေးဖြစ်ပါက ယင်းအရပ်ရပ်ဆိုင်ရာအစည်းအဝေးကို အပြီးသတ်ဖျက်သိမ်းရမည်။

(ခ) နည်းဥပဒေ ၃၅၊ နည်းဥပဒေခွဲ (ခ) အရမှအပ အခြားအကြောင်းများကြောင့် ပြုလုပ်ရသော အစည်းအဝေးဖြစ်ပါက သုံးရက်အောက်မနည်း ခုနစ်ရက်ထက် မများသောနေ့သို့ ရွှေ့ဆိုင်းနိုင်သည်။ ယင်းသို့ရွှေ့ဆိုင်းသော အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို အစည်းအဝေးတက်ရောက်လာသော အသင်းသား၊ အသင်းဝင်ကိုယ်စားလှယ်၊ ဦးစီးကော်မတီဝင်များဖြင့် ပြုလုပ်နိုင်သည်။ သို့ရာတွင် မူလအရပ်ရပ်ဆိုင်ရာအစည်းအဝေးဖိတ်စာ၌ ပါရှိသည့် အစည်းအဝေးအစီအစဉ်အတိုင်းသာ ဆောင်ရွက်ရမည်။

၃၈။ (က) အရပ်ရပ်ဆိုင်ရာအစည်းအဝေးတိုင်းတွင် အမှုဆောင်အဖွဲ့၏ ဥက္ကဋ္ဌက သဘာပတိအဖြစ် ဆောင်ရွက်၍ သဘာပတိက တာဝန်ပေးသူသည် အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ရမည်။

(ခ) သာမန်အားဖြင့် အရပ်ရပ်ဆိုင်ရာအစည်းအဝေးဖိတ်စာတွင် ပါရှိသည့် အစီအစဉ်မှတစ်ပါး အခြားအကြောင်းအရာများကို အစည်းအဝေးတွင် မဆွေးနွေးရ။ သို့သော် တက်ရောက်သည့် အသင်းသား၊ အသင်းဝင်ကိုယ်စားလှယ်၊ ဦးစီးကော်မတီဝင်အများစုက သဘောတူလျှင် အခြားအရေးကြီးသော အကြောင်းကိစ္စများကိုလည်း အရပ်ရပ်ဆိုင်ရာအစည်းအဝေးအစီအစဉ်အပြင် တင်ပြဆွေးနွေးနိုင်သည်။

(ဂ) အရပ်ရပ်ဆိုင်ရာအစည်းအဝေးတွင် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်နိုင်သည် -

(၁) ဦးစီးကော်မတီဝင်၊ အမှုဆောင် သို့မဟုတ် ဒါရိုက်တာအဖွဲ့ဝင်များ ရွေးချယ်ခြင်း၊

(၂) ဦးစီးကော်မတီနှင့် အမှုဆောင်အဖွဲ့တို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ သတ်မှတ်ခြင်း၊

(၃) အသင်း၏ လုပ်ငန်းများနှင့်စပ်လျဉ်းသည့် လုပ်ငန်းအစီရင်ခံစာ၊ လူအင်အားစာရင်း၊ နှစ်ချုပ်ဘဏ္ဍာရေးစာရင်းနှင့် ယင်းစာရင်းအပေါ် အသင်းစာရင်းစစ်၏ တွေ့ရှိချက်အစီရင်ခံစာ၊ စစ်ဆေးပိုင်ခွင့်ရှိသည့် စာရင်းစစ်တို့၏ အသင်းစာရင်းများအပေါ် စစ်ဆေးတွေ့ရှိချက်၊ အသင်းစာရင်းစစ်နှင့် စစ်ဆေးပိုင်ခွင့်ရှိသည့် စာရင်းစစ်တို့၏ တင်ပြချက်အပေါ် အမှုဆောင်အဖွဲ့၏ အရေးယူဆောင်ရွက်ချက်၊ အမှုဆောင်အဖွဲ့၏ အစီရင်ခံစာတို့ကို သုံးသပ်ဆွေးနွေးဆုံးဖြတ်ခြင်း၊

(၄) အခြားလုပ်ငန်းများကို စိစစ်ဆွေးနွေးဆုံးဖြတ်ခြင်း၊

(၅) အသင်း၏အမြတ်ငွေများကို စီမံခန့်ခွဲခြင်း၊

(၆) ရှေ့လုပ်ငန်းအစီအစဉ်များကို သတ်မှတ်ခြင်း။

(ဃ) အရပ်ရပ်ဆိုင်ရာအစည်းအဝေးများတွင် တင်ပြဆွေးနွေးသည့်ကိစ္စရပ်တိုင်းကို အများ၏ဆန္ဒအရ ဆုံးဖြတ်ရမည်။

( င) အရပ်ရပ်ဆိုင်ရာအစည်းအဝေးမှတ်တမ်းကို အရပ်ရပ်ဆိုင်ရာအစည်းအဝေးပြုလုပ်ပြီး ၁၀ ရက်အတွင်း အသင်း၏ အတွင်းရေးမှူး သို့မဟုတ် အုပ်ချုပ်မှုဒါရိုက်တာက ပြည့်စုံမှန်ကန်စွာ ရေးသားစေ၍ အရပ်ရပ်ဆိုင်ရာအစည်းအဝေးသဘာပတိက လက်မှတ်ရေးထိုးပြီး ထုတ်ပြန်ရမည်။ အရပ်ရပ်ဆိုင်ရာအစည်းအဝေးသို့ တင်ပြသည့် အစီရင်ခံစာနှင့် အစည်းအဝေးဆုံးဖြတ်ချက်မှတ်တမ်းကို သက်ဆိုင်ရာသမဝါယမဦးစီးဌာနနှင့် အထက်အဆင့်သမဝါယမအသင်းသို့ ပေးပို့၍ တစ်စောင်ကို အသင်းတွင် ထားရှိကာ တစ်စောင်ကို အများဖတ်နိုင်သောနေရာတွင် ထားရှိရမည်။ အသင်းစုချုပ်နှင့် ဗဟိုသမဝါယမအသင်း၏ အစီရင်ခံစာနှင့် ဆုံးဖြတ်ချက်များကိုမူ ဦးစီးဌာနသို့ မိတ္တူတစ်စောင် ပေးပို့ရမည်။

၃၉။ (က) အခြေခံသမဝါယမအသင်းနှင့် သမဝါယမအသင်းစုတို့၏ အမှုဆောင်အဖွဲ့ အစည်းအဝေးများနှင့်စပ်လျဉ်း၍ -

(၁) သာမန်အစည်းအဝေးကို တစ်လ တစ်ကြိမ်ထက်မနည်း ပြုလုပ်နိုင်သည်၊

(၂) အမှုဆောင်အဖွဲ့များက တောင်းဆိုသည့်အခါ ပြုလုပ်ရမည်၊

(၃) ဥက္ကဋ္ဌက အရေးကြီးသောကိစ္စအတွက် ခေါ်ဆိုသည့်အခါ ပြုလုပ်ရမည်။

(ခ) သမဝါယမအသင်းစုချုပ်နှင့် ဗဟိုသမဝါယမအသင်းတို့၏ အမှုဆောင်အဖွဲ့အစည်းအဝေးများနှင့်စပ်လျဉ်း၍ -

(၁) သာမန်အားဖြင့် သုံးလ တစ်ကြိမ်ပြုလုပ်ရမည်၊

(၂) ဦးစီးကော်မတီဝင်၊ အမှုဆောင် သို့မဟုတ် ဒါရိုက်တာအဖွဲ့ဝင်များက တောင်းဆိုသည့်အခါ ပြုလုပ်ရမည်၊

(၃) ဥက္ကဋ္ဌက အရေးကြီးသောကိစ္စအတွက် ခေါ်ဆိုသည့်အခါ ပြုလုပ်ရမည်။

၄၀။ ဦးစီးကော်မတီနှင့် အမှုဆောင်အဖွဲ့အစည်းအဝေးကို ဖိတ်ကြားခြင်း၊ ဖိတ်စာနှင့် အစီအစဉ်ကြိုတင်ပေးပို့ခြင်း၊ ဦးစီးကော်မတီဝင်၊ အမှုဆောင် သို့မဟုတ် ဒါရိုက်တာမဟုတ်သူများကို ဖိတ်ကြားခြင်း၊ အစည်းအဝေးမတက်ရောက်နိုင်သူများက ခွင့်တောင်းခြင်း၊ ဦးစီးကော်မတီ သို့မဟုတ် အမှုဆောင်အဖွဲ့ အစည်းအဝေးအထမြောက်ခြင်း၊ အထမမြောက်ခြင်း၊ အထမမြောက်၍ အစည်းအဝေးကို အပြီးသတ်ဖျက်သိမ်းခြင်း၊ ရက်ရွှေ့ဆိုင်း၍ ယင်းရွှေ့ဆိုင်းရက်တွင် မူလအစည်းအဝေးအစီအစဉ်အတိုင်း ဆောင်ရွက်ခြင်းတို့ကို အရပ်ရပ်ဆိုင်ရာအစည်းအဝေးများနည်းတူ ပြုလုပ်ရမည်။

## အခန်း (၇)
## အသင်း၏ဘဏ္ဍာရေး

၄၁။ (က) အစုတစ်စု၏တန်ဖိုးသည် အသင်း၏လုပ်ငန်းများအတွက် လိုအပ်မည့် ရင်းနှီးငွေရရှိရေးကို အခြေခံ၍ အသင်း၏အရပ်ရပ်ဆိုင်ရာအစည်းအဝေးက သတ်မှတ်ထားသည့်အတိုင်း ဖြစ်ရမည်။

